# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၄) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# ပထမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း | ၂ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၃ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ ကို မှတ်တမ်းတင်ခြင်း | ၆ |
| ၅ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း | ၇ |
| ၆ | လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်သင်တန်းကျောင်းများတွင် လက်ခံထားရှိနိုင်သော သင်တန်းသားဦးရေထက် နှစ်ဆကျော်ခန့်ပိုမို များပြားနေခြင်းအား မည်ကဲ့သို့ဖြေရှင်းဆောင်ရွက် ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၇ | ကြို့ပင်ကောက်မြို့နယ်၊ ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ အုန်းနဲ့ကုန်း၊ သံဖြူချောင်း၊ သက်ရင်းကုန်းကျေးရွာများ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာရရှိနိုင်ရေးအတွက် မည်သို့ဆောင်ရွက် ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၈ |
| ၈ | ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးကဏ္ဍများ ဆောင်ရွက်ရာ၌ ရပ်စောက် မြို့နယ်အတွင်း မီးလင်းလိုသည့်ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ မည်သို့သော မူဝါဒ၊ သတ်မှတ်ချက်များဖြင့် ရွေးချယ်ဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၂ |
| ၉ | ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဟင်းငုတ်ပင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ ကရင်ပြည်နယ်၊ သံတောင်မြို့၊ သံတောင်ကြီးမြို့၊ ဘောဂလိမြို့၊ လိပ်သိုမြို့များသို့ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်း သီးခြား သွယ်တန်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၈ |
| ၁၀ | တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်း၏ ကမ်းထိန်းနံရံတစ်လျှောက်တွင် ကျူးကျော်များ ရောက်ရှိမလာစေရန်နှင့် ကမ်းနားတစ်လျှောက်တွင် ဒေသအခြေအနေနှင့် ကိုက်ညီမည့်အပင်များ စိုက်ပျိုးပေးရန် သက်ဆိုင်ရာ ဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃၁ |

| | | |
|---|---|---|
| ၁၁ | မင်းလှမြို့နယ်၊ ရွာတော်ကျေးရွာအနောက်ဘက် ဧရာဝတီမြစ်ကမ်းပါးပေါ်ရှိ ကျောက်မှော် ဘုန်းတော်ကြီးကျောင်းနှင့် နှစ်ပေါင်း ၁၀၀ ကျော်က တည်ထား ကိုးကွယ်ခဲ့သော စေတီပုထိုးများ မြစ်ရေတိုက်စားမှုအန္တရာယ်မှကင်းဝေးစေရန် ရေကာတာတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၃၅ |
| ၁၂ | မာန်အောင်မြို့နယ်မှ ရမ်းဗြဲမြို့၊ ကျောက်ဖြူမြို့နယ်များနှင့် ပြည်နယ်၊ ပြည်မရှိ မြို့များသို့ ခရီးသွား လာရာတွင် အဆင်ပြေမြန်ဆန်ရေးအတွက် ရမ်းဗြဲနှင့် မာန်အောင်သို့ ဇက်ရေယာဉ်ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၀ |
| ၁၃ | ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်တွင် ရထားလမ်းဘူတာရုံအဖြစ် တည်ဆောက်ခဲ့ကြသော မြေနေရာကို ဆက်လက်ပြီး ဘူတာရုံ တည်ဆောက်ရန်အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း | ၄၄ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၉ |

# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## (၄-၁၁-၂၀၁၉) (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကြားကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်း တင်ခြင်း-

(က) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ၃၀-၉-၂၀၁၉ မှ ၅-၁၀-၂၀၁၉ ရက်နေ့အထိ **ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်(ခ) ဦးတင်သစ်၊ ပုဗ္ဗသီရိ မဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၂-၉-၂၀၁၉

မှ ၃၀-၉-၂၀၁၉ ရက်နေ့အထိ **တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ ၂၃-၉-၂၀၁၉ မှ ၂၄-၉-၂၀၁၉ ရက်နေ့အထိ ကာဇက်စတန်သမ္မတနိုင်ငံ **4th Meeting of Speakers of the Eurasian Countries' Parliaments** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၏ ၂၅-၉-၂၀၁၉ မှ ၆-၁၀-၂၀၁၉ ရက်နေ့အထိ ဆွစ်ဇာလန်နိုင်ငံနှင့် နော်ဝေနိုင်ငံသို့ **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးဝေဖြိုးအောင်၊ သာကေတ မဲဆန္ဒနယ်၏ ၂၃-၉-၂၀၁၉ မှ ၃-၁၀-၂၀၁၉ ရက်နေ့အထိ မလေးရှားနိုင်ငံ **နိုင်ငံတကာပါလီမန်များအဖွဲ့နှင့် ကုလသမဂ္ဂတို့က ဦးစီးကျင်းပသော အာရှ-ပစိဖိတ်ဒေသနိုင်ငံများအတွက်အကြမ်းဖက်ဝါဒနှင့် ယင်းတို့ဖြစ်ပေါ်စေသော အစွန်းရောက်ဝါဒတို့အား ဆန့်ကျင်ရေးနှင့်စပ်လျဉ်းသည့် ဒေသဆိုင်ရာ ဆွေးနွေးပွဲ** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မို့မို့အောင်၊ လသာ မဲဆန္ဒနယ်၏ ၂-၁၀-၂၀၁၉ မှ ၄-၁၀-၂၀၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံ **1st South-East Asia Inter Parliamentary meeting on Implementation of the Sustainable Development Goals** နှင့် **3rd South-East Asia Forum on Implemantation of the Sustainable Development Goals** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ ၈-၁၀-၂၀၁၉ မှ ၉-၁၀-၂၀၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ **အင်ဒိုနီးရှားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ (IHL) အကောင်အထည်ဖော်ရေးအမျိုးသားကော်မတီ (PANTAP)နှင့် ပတ်သက်၍ လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ ၁၃-၁၀-၂၀၁၉ မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ ဆားဘီးယားနိုင်ငံသို့ **(၁၄၁) ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံ** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ လမ်းမတော် မဲဆန္ဒနယ်၏ ၁၃-၁၀-၂၀၁၉ မှ ၁၉-၁၀-၂၀၁၉ ရက်နေ့အထိ စင်္ကာပူနိုင်ငံနှင့် ဩစတြေးလျ နိုင်ငံသို့ **ဒေသတွင်းနှင့် နိုင်ငံတကာအစိုးရစနစ်များကို လေ့လာရန်** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ည) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၏ ၁၅-၁၀-၂၀၁၉ မှ ၁၆-၁၀-၂၀၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ **အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်ရန်** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဋ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၉-၁၀-၂၀၁၉ မှ ၂၅-၁၀-၂၀၁၉ ရက်နေ့အထိ **ဩစတြေးလျနိုင်ငံသို့ လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဌ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်း၊ ပုသိမ် မဲဆန္ဒနယ်၏ ၂၀-၁၀-၂၀၁၉ မှ ၂-၁၁-၂၀၁၉ ရက်နေ့အထိ ဂျပန်နိုင်ငံ **17th Study Tour to Japan "Mediation"** သို့ သွားရောက်ခဲ့သည့် ခရီးစဉ်၊

(ဍ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ထန်းတပင် မဲဆန္ဒနယ်၏ ၂၃-၁၀-၂၀၁၉ မှ ၂၆-၁၀-၂၀၁၉ ရက်နေ့အထိ ပေါ်တူဂီနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သို့ **Lisbon Addictions 2019 Conference နှင့် မူးယစ်ဆေးဝါးအန္တရာယ် လျှော့ချရေးလုပ်ငန်းများသို့ လေ့လာရေး** သွားရောက်ခဲ့သည့် ခရီးစဉ်၊

၇။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၏ **လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်သင်တန်းကျောင်းများတွင် လက်ခံထားရှိနိုင်သောသင်တန်းသားဦးရေထက် နှစ်ဆကျော်ခန့်ပိုမိုများပြားနေခြင်းအား မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးငွေမင်းသိန်း၊ ကြို့ပင်ကောက် မဲဆန္ဒနယ်၏ **ကြို့ပင်ကောက်မြို့နယ်၊ ကြို့ကုန်းအုပ်စုအတွင်းရှိ အုန်းနှဲကုန်း၊ သံဖြူချောင်း၊ သက်ရင်းကုန်းကျေးရွာများ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာရရှိနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးခင်မောင်မြင့်၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးကဏ္ဍများ ဆောင်ရွက်ရာ၌ ရပ်စောက်မြို့နယ်အတွင်း မီးလင်းလိုသည့် ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ မည်သို့သော မူဝါဒ၊ သတ်မှတ်ချက်များဖြင့် ရွေးချယ်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစောဗစ်တာခလိုက်၊ သံတောင်ကြီး မဲဆန္ဒနယ်၏ **ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဟင်းငုတ်ပင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ ကရင်ပြည်နယ်၊ သံတောင်မြို့၊ သံတောင်ကြီးမြို့၊ ဘောဂလိမြို့၊ လိပ်သိုမြို့များသို့ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်း သီးခြားသွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးစောနိုင်၊ တောင်ဥက္ကလာပ မဲဆန္ဒနယ်၏ **တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်း၏ ကမ်းထိန်းနံရံတစ်လျှောက်တွင် ကျူးကျော်များရောက်ရှိမလာစေရန်နှင့် ကမ်းနားတစ်လျှောက်တွင် ဒေသအခြေအနေနှင့် ကိုက်ညီမည့်အပင်များစိုက်ပျိုးပေးရန် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့ စီစဉ်ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးကျော်ကြီး(ခ) ဦးအုန်းခင်၊ မင်းလှ မဲဆန္ဒနယ်၏ **မင်းလှမြို့နယ်၊ ရွာတော်ကျေးရွာအနောက်ဘက် ဧရာဝတီမြစ်ကမ်းပါးပေါ်ရှိ ကျောက်မှော်ဘုန်းတော်ကြီးကျောင်းနှင့် နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများ မြစ်ရေတိုက်စားမှုအန္တရာယ်မှ ကင်းဝေးစေရန် ရေကာတာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်မှ ရမ်းဗြဲမြို့၊ ကျောက်ဖြူမြို့များနှင့် ပြည်နယ်၊ ပြည်မရှိ မြို့များသို့ ခရီးသွားလာရာတွင် အဆင်ပြေမြန်ဆန်ရေးအတွက် ရမ်းဗြဲနှင့် မာန်အောင်သို့ ဇက်ရေယာဉ်ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဓ) ဦးလဂန်ဇယ်ဂျူး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်၊ အမှတ် (၄) ရပ်ကွက်တွင် ရထားလမ်းဘူတာရုံအဖြစ် တည်ဆောက်ခဲ့ကြသော မြေနေရာကို ဆက်လက်ပြီး ဘူတာရုံတည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များ ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပထမနေ့မှတ်တမ်း

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

(တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀:၀၀

အခမ်းအနားမှူး။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့အစီအစဉ် စတင်ပါတော့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ကျွန်တော် ဦးတင်ဝင်းအောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

ဥက္ကဋ္ဌ။ ။ အားလုံးမင်္ဂလာပါခင်ဗျာ။

ကိုယ်စားလှယ်များ။ ။ မင်္ဂလာပါ။

အခမ်းအနားမှူး။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိသည့်အနက် ၃၇၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၂၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၂ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၇ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၅၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ဆော့လော်မဲဆန္ဒနယ်မှ ဦးလာမာလေး ခွင့် ၁၂ ရက်၊

(၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊

(၃) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးအာမိုးဆီ ခွင့် ၅ ရက်၊

(၄) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၅ ရက်၊

(၅) ချီဖွေမဲဆန္ဒနယ်မှ ဦးဖုံးတိန့် ခွင့် ၁ ရက်၊

(၆) အမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမောင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၇) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးဝင်းထူး ခွင့် ၅ ရက်၊

(၈) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့် ၅ ရက်၊

(၉) မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး ခွင့် ၄ ရက်၊

(၁၀) ဖီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၁၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၃ ရက်၊

(၁၂) ဧေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၃ ရက်၊

(၁၃) ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် ခွင့် ၂ ရက်၊

(၁၄) သရက်မဲဆန္ဒနယ်မှ ဦးကံမြင့် ခွင့် ၁ ရက်၊

(၁၅) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၂၂ ရက်၊

(၁၆) လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း ခွင့် ၅ ရက်၊

(၁၇) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း ခွင့် ၃ ရက်၊

(၁၈) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့် ၃ ရက်၊

(၁၉) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်၊

(၂၀) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၅ ရက်၊

(၂၁) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၅ ရက်၊

(၂၂) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၅ ရက်၊

(၂၃) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် ခွင့် ၂ ရက်၊

(၂၄) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊

(၂၅) မှော်ဘီမဲဆန္ဒနယ်မှ ဦးအောင်ဝင်း ခွင့် ၃ ရက်၊

(၂၆) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၅ ရက်၊

(၂၇) နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး ခွင့် ၅ ရက်၊

မူကြမ်း

(၂၈) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၅ ရက်၊

(၂၉) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဝမ်းလှ ခွင့် ၃ ရက်၊

(၃၀) မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင် ခွင့် ၃ ရက်၊

(၃၁) ရွှေကူမဲဆန္ဒနယ်မှ ဦးဇောနည်မင်း ခွင့် ၅ ရက်၊

(၃၂) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊

(၃၃) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၃ ရက်၊

(၃၄) တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဟိန်း ခွင့် ၅ ရက်၊

(၃၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၂ ရက်၊

(၃၆) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၃ ရက်၊

(၃၇) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊

(၃၈) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၂ ရက်၊

(၃၉) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၂ ရက်၊

(၄၀) မိုးညှိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း ခွင့် ၅ ရက်၊

(၄၁) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊

(၄၂) ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးနေဖူးဗဆွေ ခွင့် ၁၂ ရက်၊

(၄၃) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၂၇ ရက်၊

(၄၄) တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး ခွင့် ၁ ရက်၊

(၄၅) ကျောက်ဆည်မဲဆန္ဒနယ်မှ ဒေါက်တာတင်အောင် ခွင့် ၆ ရက်၊

(၄၆) မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာမောင်သင်း ခွင့် ၁၉ ရက်၊

မူကြမ်း

(၄၇) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊

(၄၈) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၅ ရက်၊

(၄၉) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး ခွင့် ၅ ရက်၊

(၅၀) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် ခွင့် ၂၈ ရက်၊

(၅၁) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၃ ရက်၊

(၅၂) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊

(၅၃) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၅၄) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ထွန်းဦး ခွင့် ၅ ရက်နှင့်

(၅၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ထွန်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၂ ဦးရှိပြီး ယနေ့ ခွင့်ပန်ကြား၍ လွှတ်တော်က ခွင့်ပြုထားသူ ၅၅ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

မူကြမ်း

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆက်လက်ထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။ ဒီနေ့စတင်ကျင်းပတဲ့ (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းမှာ ဆွေးနွေးကြရမယ့် ဥပဒေကြမ်း(၁၆)ခု ရှိပါတယ်။ အဆိုများအနေနဲ့ (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်းမှာ တင်သွင်းခဲ့ပြီး ဆွေးနွေးရန် ကျန်အဆိုတစ်ခုအပါအဝင် အသင့်ဖြစ်အဆို ငါးခုရှိပါတယ်။ အသင့်ဖြစ် ကြယ်ပွင့်ပြမေးခွန်း ၁၆၅ ခုရှိပါတယ်။ ကိုယ်စားလှယ်များရဲ့အခွင့်အရေးများ ပိုမိုရရှိစေရန်အတွက် ယခင်အကြိမ်များကကျန်ရှိတဲ့ ကြယ်ပွင့်ပြမေးခွန်း ၁၀၈ ခုကို (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ ပြောင်းရွှေ့ထားပြီးဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်များခိုင်မာအားကောင်းပြီး ပြည်သူက ပိုမိုအားကိုးလာဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များရဲ့ အခန်းကဏ္ဍနဲ့ ဥပဒေပြုရေးတာဝန်တွေကို ကျွမ်းကျင်ပိုင်နိုင်စွာထမ်းဆောင်ကြဖို့ အထူးလိုအပ်ပါတယ်။ မိမိတို့ဟာ ပြည်သူကို ကိုယ်စားပြုထားသူများဖြစ်ပြီး တာဝန်ယူထားရတဲ့ လွှတ်တော်လုပ်ငန်းစဉ်များဟာ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေကို စိစစ်ထိန်းညှိပြီး အချင်းချင်းအပြန်အလှန်ထိန်းကျောင်းသွားရမှာ ဖြစ်ပါတယ်။ တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးစွာဖြင့် မိမိတို့နိုင်ငံမှာ ဒီမိုကရေစီစနစ်ခိုင်မာဖို့နဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်ဖို့ အတူတကွလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်း

နှီးဆော်အပ်ပါတယ်။ ဒါကြောင့် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဖြူစင်တဲ့စေတနာ၊ မှန်ကန်တဲ့ ဆောင်ရွက်ချက်များနှင့် စည်းစည်းလုံးလုံး၊ လက်တွဲညီညီဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့်**
**(၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကြားကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်**
**ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့်စပ်လျဉ်း၍**
**ဆောင်ရွက်ချက်များအား ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေးနှင့် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် အောက်ပါပြည်ပခရီးစဉ်များကို သွားရောက်ခဲ့ပါတယ်။ ခရီးစဉ်များကတော့-

(က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့၏ ၃၀-၉-၂၀၁၉ မှ ၅-၁၀-၂၀၁၉ ရက်နေ့အထိ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်(ခ)ဦးတင်သစ်၊ ပုဗ္ဗသီရိမဲဆန္ဒနယ် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၂-၉-၂၀၁၉ မှ ၃၀-၉-၂၀၁၉ ရက်နေ့ အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဂ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ မြဝတီမဲဆန္ဒနယ်၏ ၂၃-၉-၂၀၁၉ မှ၂၄-၉-၂၀၁၉ ရက်နေ့အထိ ကာဇက်စတန်သမ္မတနိုင်ငံ 4 th Meeting of Speakers of the Eurasian Countries' Parliaments သို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဃ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါ်ပုံမဲဆန္ဒနယ်၏ ၂၅-၉-၂၀၁၉ မှ ၆-၁၀-၂၀၁၉ ရက်နေ့အထိ ဆွမ်ဇာလန်နိုင်ငံနှင့် နော်ဝေနိုင်ငံသို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ လေ့လာရေး သွားရောက်ခဲ့သည့်ခရီးစဉ်၊

(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်၊ သာကေတမဲဆန္ဒနယ်၏ ၂၃-၉-၂၀၁၉ မှ ၃-၁၀-၂၀၁၉ ရက်နေ့အထိ မလေးရှားနိုင်ငံ နိုင်ငံတကာပါလီမန်များ အဖွဲ့နှင့် ကုလသမဂ္ဂတို့က ဦးစီးကျင်းပသော အာရှ-ပစိဖိတ်ဒေသနိုင်ငံများအတွက် အကြမ်းဖက်ဝါဒနှင့် ယင်းတို့ဖြစ်ပေါ်စေသော အစွန်းရောက်ဝါဒတို့အား ဆန့်ကျင်ရေး နှင့်စပ်လျဉ်းသည့်ဒေသဆိုင်ရာ ဆွေးနွေးပွဲသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(စ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မို့မို့အောင်၊ လသာမဲဆန္ဒနယ်၏ ၂-၁၀-၂၀၁၉ မှ ၄-၁၀-၂၀၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံ 1st South-East Asia Inter Parliamentary meeting on Implementation of the Sustainable Development Goals နှင့် 3rd South-East Asia Forum on Implementation of the Sustainable Development Goals သို့သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဆ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော်မဲဆန္ဒနယ်၏ ၈-၁၀-၂၀၁၉ မှ ၉-၁၀-၂၀၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံသို့ အင်ဒိုနီးရှားနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ(IHL) အကောင်အထည် ဖော်ရေးအမျိုးသားကော်မတီ(PANTAP)နှင့်ပတ်သက်၍ လေ့လာရေးသွားရောက်ခဲ့ သည့်ခရီးစဉ်၊

(ဇ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင်၊ ကောလင်းမဲဆန္ဒနယ်၏ ၁၃-၁၀-၂၀၁၉ မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ ဆားဘီးယားနိုင်ငံသို့ (၁၄၁)ကြိမ်မြောက် နိုင်ငံတကာပါလီမန်များအဖွဲ့ညီလာခံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဈ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ လမ်းမတော်မဲဆန္ဒနယ်၏ ၁၃-၁၀-၂၀၁၉ မှ ၁၉-၁၀-၂၀၁၉ ရက်နေ့အထိ စင်္ကာပူနိုင်ငံနှင့် ဩစတြေးလျနိုင်ငံသို့ ဒေသတွင်းနှင့် နိုင်ငံတကာအစိုးရစနစ်များကိုလေ့လာရန် သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ည) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း၊ ရေကြည်မဲဆန္ဒနယ်၏ ၁၅-၁၀-၂၀၁၉ မှ ၁၆-၁၀-၂၀၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံသို့ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဋ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းခမ်းအေး၊ နမ္မတူမဲဆန္ဒနယ်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၁၉-၁၀-၂၀၁၉ မှ ၂၅-၁၀-၂၀၁၉ ရက်နေ့အထိ ဩစတြေးလျနိုင်ငံသို့ လေ့လာရေးသွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဌ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝေလှိုင်ထွန်း၊ ပုသိမ်မဲဆန္ဒနယ်၏ ၂၀-၁၀-၂၀၁၉ မှ ၂-၁၁-၂၀၁၉ ရက်နေ့အထိ ဂျပန်နိုင်ငံ 17th **Study Tour to Japan "Mediation"** သို့သွားရောက်ခဲ့သည့်ခရီးစဉ်၊

(ဍ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ထန်းတပင်မဲဆန္ဒနယ်၏ ၂၃-၁၀-၂၀၁၉ မှ ၂၆-၁၀-၂၀၁၉ ရက်နေ့အထိ ပေါ်တူဂီနိုင်ငံနှင့် ဂျာမနီနိုင်ငံတို့သို့ **Lisbon Addictions 2019 Conference** နှင့် မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးလုပ်ငန်းများသို့ လေ့လာရေးသွားရောက်ခဲ့သည့်ခရီးစဉ်တို့ ဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရဲ့ ပြည်ပခရီးစဉ် ၁၃ ခုကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ လူငယ်သင်တန်းကျောင်းများတွင် လက်ခံထားရှိနိုင်သော သင်တန်းသားဦးရေထက် နှစ်ဆကျော်ခန့်ပိုမိုများပြားနေခြင်းအား မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ ပထမဦးစွာ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် မေးမြန်းဖို့ ဖြစ်ပါတယ်။

ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး၊ ပြည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဖြစ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်မှာရှိတဲ့ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ လူငယ်သင်တန်းကျောင်းများနှင့်ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဝင်များဟာ ၂၄-၈-၂၀၁၉ ရက်နေ့မှာ မန္တလေးလူငယ်သင်တန်းကျောင်းကိုလည်းကောင်း၊ ၂၁-၉-၂၀၁၉ ရက်နေ့မှာ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်မှာရှိတဲ့ ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းနှင့် ၂၂-၉-၂၀၁၉ ရက်နေ့မှာ သန်လျင်လူငယ်သင်တန်းကျောင်းတို့ကို ကော်မတီတာဝန်အရ ကွင်းဆင်းလေ့လာခဲ့ကြပါတယ်။ ကွင်းဆင်းလေ့လာမှုတွေ့ရှိချက်အရ တင်ပြရပါလျှင် လူငယ်သင်တန်းကျောင်း သုံးခုစလုံးမှာ ကျောင်းဆောင်တည်ရှိမှုနှင့် စီမံအုပ်ချုပ်ရတဲ့ဝန်ထမ်းအင်အားတို့အရ လက်ခံထားနိုင်တဲ့ သင်တန်းသားဦးရေဟာ အများဆုံး ၂၀၀ သာဖြစ်ပါတယ်။ သို့သော်လည်းပဲ ယခုအခါမှာ မန္တလေးလူငယ်သင်တန်းကျောင်းမှာ ကျွန်မတို့လေ့လာတဲ့အချိန်မှာ သင်တန်းသားဦးရေ ၄၂၄ ဦး၊ ၄က်အော်စမ်းလူငယ်သင်တန်းကျောင်းမှာ လက်ခံထားတဲ့ သင်တန်းသားဦးရေဟာ ၅၂၄ ဦးနဲ့

သန်လျင်လူငယ်သင်တန်းကျောင်းမှာ ၅၂၀ ဦး ရှိနေတာကို တွေ့ရှိရပါတယ်။ ယခုလို ရုတ်တရက် သင်တန်းသားဦးရေတိုးလာတာကို ကျောင်းက ကျောင်းအုပ်ကြီးတို့ရဲ့တင်ပြချက်အရ ကျွန်မတို့ ပြင်ဆင်အတည်ပြုလိုက်တဲ့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ အတည်ပြုလိုက်တဲ့ ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေ အခန်း(၁) ပုဒ်မ ၃ မှာ ကလေးသူငယ်ဆိုတာ အသက်(၁၈)နှစ်မပြည့် သေးသောသူကို ဆိုလိုသည်ဟု ပါရှိတဲ့အတိုင်း အဲဒီအတွက် ရုတ်တရက် သင်တန်းသားဦးရေ နှစ်ဆကျော်လောက်တိုးလာတယ်လို့ သိရှိရပါတယ်။ ဒီလိုတိုးလာတဲ့အခါ သင်တန်းသားတွေရဲ့ နေထိုင်ရမှု၊ စားသောက်ရမှု၊ အိပ်စက်ရမှုတွေဟာ နေရာအလွန်ကျဉ်းမြောင်းနေပြီးတော့ လူတစ်ဦး တစ်ယောက်၊ ကလေးသူငယ်တစ်ဦးတစ်ယောက် ရရှိမယ့်အခွင့်အရေးတွေ မရရှိနိုင်တာကို တွေ့ရှိ ရပါတယ်။ ဒါ့အပြင် ကျန်းမာရေးနှင့်ညီညွတ်မှုမရှိကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ကျန်းမာရေး အတွက်ဆိုလို့ရှိရင်လည်း ဒီသင်တန်းကျောင်းတွေကနေပြီးတော့မှ နီးစပ်ရာကျန်းမာရေးဌာနတွေကို သွားရောက်ပြီးတော့ ပြသနေကြရတာကို တွေ့ရှိရပါတယ်။

ငုက်အော်စမ်းလူငယ်သင်တန်းကျောင်းကတော့ ကျောင်းမြေဧရိယာ ၃၆.၀၂ ဧကရှိတဲ့အတွက် အတော်အတန်အဆင်ပြေပါသေးတယ်။ ဒါ့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျောင်းဆောင် တစ်ထပ်ဆောင်လေးဆောင် ဆောက်လုပ်လျက်ရှိတာကို ကျွန်မတို့တွေ့ရှိခဲ့ရပါတယ်။ ဒါပေမဲ့ ငုက်အော်စမ်း သင်တန်းကျောင်းက အဓိကလိုအပ်နေတာကတော့ ကျောင်းလုံခြုံရေးအတွက် ခြံစည်းရိုးဖြစ်တာကို တွေ့ရှိရပါတယ်။ မန္တလေးလူငယ်သင်တန်းကျောင်းရဲ့မြေအကျယ်အဝန်းကတော့ ၈.၃၃ ဧကရှိတဲ့ အတွက် သူကလည်းဆိုးတော့မဆိုးဘူး။ တစ်ခါ အလှူရှင်က သုံးထပ်ကျောင်းဆောင်တစ်ခုကို စတင် ဆောက်လုပ်လှူဒါန်းနေတာဖြစ်တဲ့အတွက် အဆင်ပြေနိုင်တာကိုလည်း တွေ့ရှိရပါတယ်။ ဒါပေမဲ့ အဓိကတော့ သူတို့ထမင်းစားဆောင်က အလွန်ကျဉ်းပါတယ်။ အခု လူ ၄၀၀ ဦးကျော်ဖြစ်တဲ့အခါ နှစ်သုတ်၊ သုံးသုတ်ခွဲပြီးတော့ ထမင်းကျွေးနေရတာကို ကျွန်မတို့တွေ့ရှိရပါတယ်။ ဒါ့အပြင် ဧည့်ဆောင်လိုမျိုး ဘက်စုံသုံးအဆောင်မရှိတဲ့အတွက် ဧည့်သည်ကိုလည်း ကြုံသလို တွေ့နေရတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ သင်တန်းသားတွေ စုဝေးရန်၊ ဟောပြောပွဲလုပ်ရန်၊ ဧည့်သည်တွေ့ရန်အတွက် အဆောင်လိုအပ်ကြောင်းကိုလည်း ကျွန်မတို့သုံးသပ်တွေ့ရှိရပါတယ်။

အဆိုးဆုံးကတော့ သန်လျင်လူငယ်သင်တန်းကျောင်း ဖြစ်ပါတယ်။ ကျောင်းဧရိယာဟာ ၁.၂၇၃ ဧရိယာသာရှိပြီး မြို့ရဲ့အလယ်လောက်မှာရှိပါတယ်။ အဆောင်အနေနဲ့လည်း ကျောင်းသား ၇၀ ဆံ့တဲ့ အဆောင်သုံးဆောင်သာရှိတဲ့အတွက် ယခုအခါမှာ ကျောင်းသား ၅၀၀ ဦးကျော်ဟာ အဆောင် တစ်ဆောင်မှာ ၂၀၀ ခန့်ထားနေရပါတယ်။ စီမံအုပ်ချုပ်ရေးရတဲ့ဝန်ထမ်းအင်အားလည်း နည်းတဲ့ အတွက် သူရဲ့အချိန်ဇယားအတိုင်း အပြင်ထွက်ပြီး ကိုယ်လက်လှုပ်ရှား ဘယ်လိုမှဆောင်ရွက်ခိုင်းလို့ အဆင်မပြေဘူးလို့ ကျွန်မတို့သိရှိရပါတယ်။ ယခုလက်ရှိဆောက်လုပ်လျက်ရှိတဲ့ လေးထပ် အဆောက်အအုံအပြီးသတ်ဖို့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်ပါဝင်ပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီအဆောက်အဦပြီးဖို့လည်း ခြောက်လခန့်ကြာမြင့်နေမှာ ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ယခုလက်ရှိ တွေ့ကြုံရတဲ့အခက်အခဲကို ဖြေရှင်းပေးဖို့ရယ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေ အခန်း(၁) ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)နှင့်အညီ ကလေးတွေရဲ့အကျိုးကျေးဇူးကို အဓိကရှေးရှု ဆောင်ရွက်နိုင်ဖို့ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းပါတယ်ရှင်။ မေးခွန်း(၁) လူငယ်သင်တန်းကျောင်းမှာ လက်ရှိကျောင်းသားဦးရေကို လျှော့ချနိုင်ဖို့ သို့မဟုတ် ထပ်မံပြီးတော့ တိုးလာ တာနည်းဖို့အတွက် တရားရေးဌာန၊ အကျဉ်းဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့အနေနဲ့ မည်ကဲ့သို့ စီမံဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလဲ။ သို့မဟုတ် အခန်း(၁) ပုဒ်မ ၃ အပိုဒ်ခွဲ(ဌ)အရ ယာယီ စောင့်ရှောက်ရေးဂေဟာများကို မည်ကဲ့သို့စီမံဆောင်ရွက်တိုးချဲ့ဖွင့်လှစ်ဖို့ အစီအစဉ်ရှိပါသလဲ။ မေးခွန်း(၂) လူငယ်သင်တန်းကျောင်းများမှာ လူငယ်တွေကို တကယ်စီမံပြီးတော့မှ စောင့်ရှောက်နိုင်ဖို့ အတွက် ဝန်ထမ်းဦးရေအပြည့်ခန့်ထားနိုင်ခြင်းရှိ/မရှိကိုလည်း သိလိုပါတယ်။ မေးခွန်း(၃)အနေနဲ့ မန္တလေးလူငယ်သင်တန်းကျောင်းနှင့် သန်လျင်လူငယ်သင်တန်းကျောင်းတို့မှာ အဓိကလိုအပ်လျက်ရှိတဲ့ ထမင်းစားဆောင်နှင့် အများဘက်စုံသုံးခန်းမတို့ကို ဘယ်ဘတ်ဂျက် လောက်မှာ တည်ဆောက် ပေးနိုင်မလဲ။ မေးခွန်း(၄)အနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အပြင်ကိုသွားရောက်ပြသရတဲ့ အခါမှာ လုံခြုံရေးနှင့် Transport ဟာ အခက်အခဲ ဖြစ်နေတာဖြစ်တဲ့အတွက် ဒီသင်တန်းကျောင်းတွေ မှာပဲ ကျန်းမာရေးမှူး၊ သူနာပြုဆရာမများနှင့် ဆေးခန်းဖွင့်လှစ်ပေးပြီးတော့ တစ်ပတ်မှာ တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် ဆရာဝန်မှ လာရောက်

ကုသစစ်ဆေးပေးနိုင်ခြင်းရှိ/မရှိကို သင်တန်းသူ သင်တန်းသားများရဲ့ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

ဖြေကြားချက်

ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လေ့လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါ စေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင် ဖြစ်ပါတယ်။ ဒုတိယ အကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေးမှာ ပဲခူးတိုင်းဒေသကြီး၊ ပြည် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စိုးစိုးကြည်ရဲ့ လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ မန္တလေးလူငယ်သင်တန်းကျောင်း၊ ကော့မှူးမြို့နယ် ငှက်အော်စမ်းသင်တန်းကျောင်းနှင့် သန်လျင်လူငယ်သင်တန်းကျောင်းတို့တွင် လက်ခံထားရှိနိုင်သောသင်တန်းသားဦးရေထက် နှစ်ဆ ကျော်ခန့် ပိုမိုများပြားနေခြင်းကို အမြန်ဆုံးမည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးနိုင်သည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်တို့ဝန်ကြီးဌာနရယ်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးတို့မှ ကိုယ်စားရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ **Power Point** အသုံးပြုခွင့်ပြုနိုင်ပါရန်နှင့် အချက်အလက်များပြည့်စုံစွာ ဖြေကြားနိုင်ရေးအတွက် အချိန်ပိုမိနစ်အနည်းငယ်ခန့် ထပ်ဆောင်းပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနဟာ ကာကွယ်စောင့်ရှောက်မှုပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကလေးသူငယ်တရားရုံးများတွင် အမှုရင်ဆိုင်နေဆဲကလေးသူငယ်များ၊ ကလေးသူငယ်တရားရုံးများမှ အမိန့်ချမှတ်ပြီး အကျင့်စာရိတ္တ

ပြုပြင်ရန် ပို့အပ်လာသော ကလေးသူငယ်များအတွက် လူငယ်သင်တန်းကျောင်းများကို ရန်ကုန်တိုင်းဒေသကြီးတွင် ငါးကျောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် နှစ်ကျောင်း၊ ဧရာဝတီတိုင်းဒေသကြီးမှာ တစ်ကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်တစ်ကျောင်း၊ မွန်ပြည်နယ်တွင် တစ်ကျောင်း စုစုပေါင်း ၁၀ ကျောင်းဖွင့်လှစ်၍ လက်ခံစောင့်ရှောက်ပေးလျက်ရှိပါတယ်။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ဥပဒေအမှတ်(၂၂/၂၀၁၉)ဖြင့် အတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)မှာ ကလေးသူငယ်ရဲ့အသက်ကို အသက်(၁၈)နှစ် မပြည့်သေးသောသူဟု သတ်မှတ်ထားသဖြင့် လူမှုဝန်ထမ်းဦးစီးဌာနရှိ လူငယ်သင်တန်းကျောင်းများမှာ ကလေးသူငယ်ဦးရေကို ယခင်ကထက် ပိုမိုလက်ခံစောင့်ရှောက်ပေးနေတာလည်း ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနရှိ လူငယ်သင်တန်းကျောင်း ၁၀ ကျောင်းအနက် စောစောက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးတင်ပြသွားသလိုပါပဲ။ ငှက်အော်စမ်း၊ သန်လျင်နှင့် မန္တလေးလူငယ်သင်တန်းကျောင်း အပြင် မော်လမြိုင်လူငယ်သင်တန်းတို့မှာလည်း ခွင့်ပြုကလေးဦးရေထက် ပိုမိုလက်ခံစောင့်ရှောက် ပေးနေရလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနရှိ လူငယ်သင်တန်းကျောင်းများမှာ ကလေးသူငယ် ဦးရေတိုးတက်များပြားလာမှုကြောင့် လူငယ်သင်တန်းကျောင်းအသစ်တစ်ကျောင်းကိုလည်း ပြည်ထောင်စုနယ်မြေ(နေပြည်တော်)မှာ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနအနေနဲ့ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ မြေနေရာရရှိရေးအတွက် လျှောက်ထားနိုင်ရေး ကျွန်တော်တို့စီမံဆောင်ရွက်လျက်ရှိပါတယ်။ မြေနေရာရရှိလာမယ်ဆိုလို့ရှိရင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ဆောက်လုပ်ခွင့်ရရှိရေးအတွက်ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ထို့အတူပဲ သင်တန်းကျောင်းများဖွင့်လှစ်ခြင်းမရှိသေးတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်များမှာလည်း သင်တန်းကျောင်းအသစ်များကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းမှာ တစ်ထပ်ကျောင်းဆောင်အသစ် လေးဆောင်ဆောက်လုပ်ခဲ့ပါတယ်။ ကျောင်းသစ်တစ်ဆောင်မှာ သင်တန်းသားကလေး ၆၀ ဦး ဝင်ဆံ့ မှာ ဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါလူငယ်သင်တန်းကျောင်းမှာရှိတဲ့ ကလေး ၅၆၀ ဦးအနက်က ကလေး ၂၄၀ ဦးတို့ကို

ကျောင်းဆောင်အသစ်လေးဆောင်မှာ သီးသန့်ခွဲပြီးတော့မှ ထိရောက်စွာ စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါတယ်။ လတ်တလောဆောင်ရွက်မှုအနေဖြင့်လည်း ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း ဝင်းအတွင်းမှာရှိတဲ့ လူငယ်သင်တန်းသားတွေ တက်ရောက်နေတဲ့ အ.မ.က(၂၁) လေးထပ်ဆောင် မှာရှိတဲ့ လစ်လပ်နေသော ဒုတိယထပ်နှင့် တတိယထပ်တို့မှာ ဦးစီးဌာနဘတ်ဂျက် ရန်ပုံငွေကျပ် ၁၁.၁၈၄ သန်းနဲ့ ကလေးများလုံခြုံမှုရှိစေရေးအတွက် လိုအပ်တဲ့ပြင်ဆင်မှုများကို ဆောင်ရွက်ပြီး ဖြစ်တဲ့အတွက် သန်လျင်လူငယ်သင်တန်းကျောင်းမှ အမှုရင်ဆိုင်နေရဆဲကလေးသူငယ် ၉၂ ဦး ပြောင်းရွှေ့နိုင်ရေးစီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် သန်လျင်လူငယ်သင်တန်း ကျောင်းမှ ကာကွယ်စောင့်ရှောက်ရန်လိုအပ်တဲ့ လမ်းပေါ်နေကလေးသူငယ် ၅၅ ဦးကိုလည်း ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့ ပြောင်းရွှေ့စောင့်ရှောက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနရှိ လူငယ်သင်တန်းကျောင်းများမှာ လက်ရှိဝန်ထမ်းဦးရေခန့်အပ်ထားမှု အနေဖြင့် တင်ပြပါအတိုင်း ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှာ ၃၃ ဦး၊ မန္တလေးနှင့် သန်လျင် လူငယ်သင်တန်းကျောင်းတို့မှာ ၂၃ ဦးစီတို့ဖြစ်ပါတယ်။ လူငယ်သင်တန်းကျောင်းများမှာ လက်ခံ စောင့်ရှောက်တဲ့ကလေးသူငယ်ဦးရေတိုးတက်များပြားလာတာနှင့်အမျှ လက်ခံစောင့်ရှောက်တဲ့ ကလေးဦးရေနှင့် ပြုစုစောင့်ရှောက်တဲ့ဝန်ထမ်းဦးရေအချိုးမျှတစွာခန့်ထားနိုင်ရေးအတွက် ဝန်ကြီး ဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိအခြေအနေအရ သင်တန်းကျောင်းများမှာ လက်ခံနိုင်တဲ့ကလေးဦးရေထက် ပိုမို၍ လက်ခံစောင့်ရှောက်ပေးနေရတဲ့အတွက် ဝန်ထမ်းဖွဲ့စည်းပုံ အသစ်ကိုလည်း ဝန်ထမ်းအင်အားတိုးမြှင့်တောင်းခံနိုင်ရေးအတွက်ကိုလည်း လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လတ်တလောအားဖြင့် လူမှုဝန်ထမ်းဦးစီးဌာန လက်အောက်ရှိ အခြားဌာနငယ်တွေကနေပြီးတော့မှ ငှက်အော်စမ်းသင်တန်းကျောင်း၊ သန်လျင် သင်တန်းကျောင်းနှင့် မန္တလေးသင်တန်းကျောင်းတို့ကို တွဲဖက်ဝန်ထမ်းစုစုပေါင်း ၁၁ ဦးကို တာဝန် ချထားပေးတဲ့အပြင်ကို လုပ်အားဝန်ထမ်းစုစုပေါင်း ၁၄ ဦးတို့ကိုလည်း အသီးသီးခန့်အပ်ပေးခဲ့ပါတယ်။ ထို့အပြင် သန်လျင်လူငယ်သင်တန်းကျောင်းဝင်းအတွင်း၌ ယခင်နှစ်များက ဆောက်လုပ်ခဲ့တဲ့ ဆောက်လုပ်ဆဲဖြစ်နေတဲ့ လေးထပ် RC ကျောင်းဆောင်သစ်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ

အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ်ပြီးတော့မှ အမှုရင်ဆိုင်ဆဲကလေးသူငယ်များကို လက်ခံစောင့်ရှောက်သွားရန်စီစဉ်လျက်ရှိရာ မကြာမီလက်ရှိ ကလေးဦးရေ ၅၁၁ ဦးအနက်မှ ကလေးအင်အား ၂၄၀ ဦးခန့်ကို သီးသန့်ထားရှိစောင့်ရှောက်သွားမှာ ဖြစ်ပါတယ်။ ဒီလေးထပ်အဆောက်အဦကလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောက်လုပ်နေတာဖြစ်တဲ့အတွက် ကျွန်တော်တို့ဆောက်လုပ်ရတဲ့အပိုင်းတွေက ပြီးပြီးတော့မှ ဆေးသုတ်တဲ့အပိုင်းရယ်၊ ပြတင်းတံခါးအပိုင်းတွေ ဒါတွေပဲကျန်တဲ့အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုလည်း ဒီအဆောက်အဦနှင့်ပတ်သက်လို့ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ဖို့အတွက်ကိုလည်း တွန်းအားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မန္တလေးလူငယ်သင်တန်းကျောင်းမှာ အလှူရှင်ရဲ့ဆောက်လုပ်လှူဒါန်းမှုဖြင့် သုံးထပ်ကျောင်းဆောင်သစ်ကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှာ စတင်ဆောက်လုပ်လျက်ရှိရာ အဆောက်အဦပြီးစီးပါက လက်ရှိကလေးဦးရေ ၄၇၈ ဦးအနက်ကနေပြီးတော့ ကလေးအင်အား ၃၀၀ ခန့်ကို သီးသန့်ထားရှိစောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါတယ်။

လူငယ်သင်တန်းကျောင်းများရှိ ကလေးသူငယ်များရဲ့ကျန်းမာရေးစောင့်ရှောက်မှုအနေနဲ့လည်း ဦးစီးဌာနရဲ့ဘတ်ဂျက်ရန်ပုံငွေနှင့် သက်ဆိုင်ရာကျောင်းများရဲ့အလှူရန်ပုံငွေများမှ သုံးစွဲလျက်ရှိပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာလည်း ဦးစီးဌာနရဲ့ဘတ်ဂျက်ရန်ပုံငွေက ကျန်းမာရေးစရိတ်ငွေထက် ၄.၈ သန်းကျပ် ခွဲဝေရရှိပြီးဖြစ်တဲ့အတွက် ကျန်းမာရေးစရိတ်များကို လူငယ်သင်တန်းကျောင်းများသို့ ခွဲဝေချထားခြင်းအပြင် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လက်ရှိမှာ သင်တန်းကျောင်းများရဲ့ကလေးသူငယ်များ ကျန်းမာရေးစောင့်ရှောက်မှုအတွက် နီးစပ်ရာဆေးရုံဆေးခန်းများတွင် အချိန်မီဆေးဝါးကုသမှုခံယူစေလျက်ရှိတဲ့အပြင် သင်တန်းကျောင်းများအလိုက် ဆေးခန်းဖွင့်လှစ်ပြီးတော့ ဆရာဝန်မှ လာရောက်ဆေးဝါးကုသပေးနိုင်ရေး ကူညီဆောင်ရွက်ပေးနိုင်ဖို့အတွက်ကိုလည်း ကျွန်တော်တို့ဝန်ကြီးဌာနကနေပြီးတော့မှ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှာ ညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်တော်တို့

လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ မန္တလေးလူငယ်သင်တန်းကျောင်းမှာ ထမင်းစားဆောင်တစ်ဆောင်၊ ညှော်တွေ့ဆောင်တစ်ဆောင်၊ ဘက်စုံသုံးခန်းမတစ်ဆောင်တို့ကို ဆောက်လုပ်ရေးအတွက်လည်းကောင်း၊ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းမှာ ကျောင်းသားအိပ်ဆောင်သစ်လေးဆောင်ကို ချိန်းလင့်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ထမင်းစားဆောင်တစ်ဆောင်၊ ညှော်တွေ့ဆောင်တစ်ဆောင်တို့ကို ဆောက်လုပ်နိုင်ရေးအတွက်လည်းကောင်း၊ သန်လျင်လူငယ်သင်တန်းကျောင်းတွင် လေးထပ်အဆောက်အဦဆောက်လုပ်ပြီးစီးပါလို့ဆိုလို့ရှိရင် လစ်လပ်လာမယ့်လက်ရှိအိပ်ဆောင်တစ်ဆောင်ကို အားကစားခန်းမအဖြစ် ပြုပြင်သုံးစွဲနိုင်ရန်အတွက်လည်းကောင်း၊ မွန်ပြည်နယ်လူငယ်သင်တန်းကျောင်းမှာ ကလေးဦးရေ ၁၅၀ ဆံ့နှစ်ထပ်ဆောင်တစ်ဆောင် ထပ်မံဆောက်လုပ်နိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)မှာ မြေနေရာရရှိပါက လူငယ်သင်တန်းကျောင်းတစ်ကျောင်းတို့ကို လာမယ့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်သကဲ့သို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ အခန်း(၂၀) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းအပိုင်းရှိ ပုဒ်မ ၇၁ မှ ၇၇ အရလည်းကောင်း၊ ဥပဒေတွင်ပြဋ္ဌာန်းထားတဲ့ လုပ်ပိုင်ခွင့်များနှင့်အညီ တရားရုံးများနှင့် ရဲတပ်ဖွဲ့တို့က လိုက်နာဆောင်ရွက်ခြင်းဖြင့်လည်းကောင်း အမှုများကို ပိတ်သိမ်းနိုင်ပြီး ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေသည်အထိ လုပ်ပိုင်ခွင့်ရရှိထားတဲ့ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များကို အမြန်ဖွဲ့စည်းပြီး ဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့်လည်းကောင်း ဥပဒေပါ ပြဋ္ဌာန်းချက်များကို အမြန်အကောင်အထည်ဖော်ပြီး သင်တန်းသားဦးရေများပြားနေမှုကို အမြန်ဆုံးဖြေရှင်းပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

ကြို့ပင်ကောက်မြို့နယ်၊ ကြို့ကုန်းကျေးရွာအုပ်စုအတွင်းရှိ အုန်းနဲ့ကုန်း၊ သံဖြူချောင်း၊ သက်ရင်းကုန်းကျေးရွာများ လျှပ်စစ်ဓာတ်အား အဆင်ပြေစွာရရှိနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

မူကြမ်း

ဥက္ကဋ္ဌ။ ။ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးဌေးမင်းသိန်း(ကြို့ပင်ကောက်မဲဆန္ဒနယ်)။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း ဖြစ်ပါတယ်။ ဒီနေ့အစည်းအဝေးမှာ ကြို့ပင်ကောက်မြို့နယ်၊ ကြို့ကုန်းအုပ်စု၊ အုန်းနဲ့ကုန်းကျေးရွာ၊ သံဖြူကျောင်းကျေးရွာနှင့် သက်ရင်းကုန်းကျေးရွာရှိ အိမ်ထောင်စုတိုင်း လျှပ်စစ်ဓာတ်အား အဆင်ပြေစွာရရှိနိုင်ရေးအတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့အတွက် ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ဖော်ပြပါကျေးရွာများဟာ ကြို့ပင်ကောက်မြို့နယ်နှင့် ဇီးကုန်းမြို့နယ် နယ်နိမိတ်ဒေသများမှာဖြစ်ပြီးတော့ ကျေးရွာမီးလင်းရေးကို ၁၉၉၄ ခုနှစ်က ၅၀ ကေဗွီအေ ထရန်စဖော်မာတည်ဆောက်၍ ဆောင်ရွက်ခဲ့တာဖြစ်ပြီး ယခုအချိန်မှာ မီတာ ၁၄၇ လုံး တပ်ဆင်အသုံးပြုနေရတာဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်လာတာနှင့်အညီ Capacity တိုးမြှင့်ဆောင်ရွက်ဖို့နှင့် အိမ်ခြေအားလုံး လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုဖို့ လိုအပ်လာတာဖြစ်ပါတယ်။ NEP နှစ်မိုင်ပတ်လည်မီးလင်းရေး ဆောင်ရွက်တဲ့အခါမှာလည်း မီးလင်းပြီးကျေးရွာများဖြစ်လို့ မပါဝင်ခဲ့ပါဘူး။ တကယ်တော့ အိမ်ခြေအားလုံးလွှမ်းခြုံ၍ လျှပ်စစ်ဓာတ်အားမရကြသေးပါဘူး။ ကြို့ပင်ကောက်မြို့နယ်ဘက်ခြမ်းမှာ ထရန်စဖော်မာတည်ဆောက်ထားသော်လည်း ဇီးကုန်းမြို့နယ်၊ မရင်းကျေးရွာ မီးလင်းရေးကော်မတီမှတစ်ဆင့် လျှပ်စစ်ဓာတ်အားခများ၊ အခြားဝန်ဆောင်မှုစရိတ်စခများ ပေးချေနေရတာလည်းဖြစ်ပါတယ်။ ယခုကျေးရွာမီးလင်းရေးနှင့် စပ်လျဉ်း၍ မြို့နယ်နှစ်မြို့နယ်မှာ လျှပ်စစ်အင်ဂျင်နီယာများနှင့် တွေ့ဆုံညှိနှိုင်းမှုအရ ဒီထရန်စဖော်မာအား Capacity တိုးမြှင့်ပေးပြီး သံဖြူချောင်းကျေးရွာအား ခွဲထုတ်ကာ သီးသန့် 11 KV နှင့် ထရန်စဖော်မာတစ်လုံးတည်ဆောက်မယ်ဆိုရင် သင့်တော်မယ်လို့လည်း သိရပါတယ်။ ဒီလိုမှမဟုတ် ၎င်းရွာများဟာ ရွာခွဲများဖြစ်လို့ သီးသန့်စီ မီးလင်းရေးကော်မတီတစ်ခုစီနှင့် ၄၄၀

လိုင်းကအစ တည်ဆောက်လိုက်မယ်ဆိုရင် ရေရှည်မှာအဆင်ပြေနိုင်မှာဖြစ်သလို လျှပ်စစ်အန္တရာယ်လည်း ကင်းစေမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ မေးခွန်းမေးရခြင်းရည်ရွယ်ချက်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ SDG(၁၇)အောင်မြင်စေဖို့ လျှပ်စစ်အန္တရာယ်နှင့် သီးခြားဝန်ဆောင်ခတွေ သက်သာစေဖို့နှင့် ပြည်သူများအချင်းချင်း ညီညွတ်စေချင်လို့ပဲဖြစ်ပါတယ်။ ဒီပုံကတော့ အုန်းနဲ့ကုန်းကျေးရွာမှာ ၁၉၉၄ ခုနှစ်က တည်ဆောက်ခဲ့တဲ့ ၅၀ ကေဗွီအေ ထရန်စဖော်မာပုံဖြစ်ပါတယ်။ ဒီပုံကတော့ ၅၀ ကေဗွီအေ ထရန်စဖော်မာမှတစ်ဆင့် မီးသွယ်တန်းထားတာဖြစ်ပြီးတော့ တစ်ရွာနှင့်တစ်ရွာ ဝေးကွာလွန်းလို့ ဓာတ်အားပျောက်ဆုံးမှုတွေနဲ့ မနိုင်မနင်း ဓာတ်အားအသုံးပြုနေရတာလည်းဖြစ်ပါတယ်။ ဒီပုံကတော့ သစ်သားတိုင်နဲ့သွယ်တန်းထားပြီးတော့ လျှပ်စစ်ဓာတ်ကြိုးတွေ ပြတ်ကျတာတွေလည်း ရှိခဲ့ပါတယ်။ ကျွဲ၊ နွား သေဆုံးမှုတွေနဲ့ လူထိခိုက်ဒဏ်ရာရခဲ့ဖူးတဲ့ သမိုင်းကြောင်းတွေလည်း ရှိခဲ့ပါတယ်။ ဒီပုံကတော့ ဒေသတစ်ခုလုံးကိုခြုံပြီးတော့ ပြထားတာဖြစ်ပါတယ်။ ကရင်ကုန်းရွာ၊ အိုးဘိုစုရွာ၊ သံဖြူချောင်းရွာဆိုပြီးတော့ 11 KV လိုင်း တည်ဆောက်လိုက်မယ်ဆိုရင် အသင့်တော်ဆုံးတစ်ခု ဖြစ်လာမှာပါ။ သို့ဖြစ်ပါ၍ ဒေသခံပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး လျှပ်စစ်နှင့်စွမ်းအင်

ဝန်ကြီးဌာနမှ ကျွန်တော် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ကြို့ပင်ကောက်မြို့နယ်၊ မယင်းချောင်းခွကျေးရွာအုပ်စု၊ မယင်း(အရှေ့)ကျေးရွာ၏ ၁၁/၀.၄ ကေဗွီ ၅၀ ကေဗွီအေထရန်စဖော်မာမှ အုန်းနဲ့ကုန်းကျေးရွာနှင့် သက်ရင်းကုန်းကျေးရွာတို့သို့ ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၇၇၀၀ နှင့် သံဖြူချောင်းကျေးရွာသို့ ၄၀၀ ဗို့ ဓာတ်အားလိုင်း ပေ ၂၈၀၀ ကို ကိုယ်ထူကိုယ်ထတည်ဆောက်ကာ ၁၉၉၅ ခုနှစ်က စတင် လျှပ်စစ်ဓာတ်အား သုံးစွဲခဲ့ပါတယ်။ ထိုသို့ သုံးစွဲစဉ်ကာလက မီးသုံးသူဦးရေနည်းပါးတဲ့အတွက်ကြောင့် ဗို့အားပြည့်ဝစွာရရှိခဲ့သော်လည်း ယခုအခါ မီးသုံးသူဦးရေ တဖြည်းဖြည်းများပြားလာတာနဲ့အမျှ ဗို့အားကျဆင်းမှု တွေ့ကြုံလာရတာဖြစ်ပါတယ်။ အုန်းနဲ့ကုန်း၊ သံဖြူချောင်းနှင့် သက်ရင်းကုန်းကျေးရွာများ လျှပ်စစ်ဓာတ်အား ကောင်းမွန်စွာရရှိနိုင်ရန်အတွက် လက်ရှိအမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ပထမအဆင့်အဖြစ် ရန်ကြီးအောင်ကျေးရွာ၊ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်လျက်ရှိပါသော ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ ဓာတ်အားကိုချိတ်ဆက်ရယူကာ အုန်းနဲ့ကုန်းကျေးရွာသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၆၀၀ ပေနှင့် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးအားလည်းကောင်း၊ အုန်းနဲ့ကုန်းကျေးရွာထံသို့ ၁၁ ကေဗွီ ဓာတ်အား လိုင်းမှတစ်ဆင့် ဓာတ်အားချိတ်ဆက်ရယူကာ သက်ရင်းကုန်းကျေးရွာထံ ၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၂၁၀၀ နှင့် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးအားလည်းကောင်း အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း ပထမအဆင့်ဖြင့် ရန်နိုင်ကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိရန် တည်ဆောက်ဆောင်ရွက်လျက်ရှိသော ၁၁ ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့် ဓာတ်အား ချိတ်ဆက်ကာ သံဖြူချောင်းကျေးရွာသို့ ၁၁ ကေဗွီဓာတ်အားလိုင်း ပေ ၃၅၀၀ နှင့် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးတို့ကို တည်ဆောက်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ အဆိုပါကျေးရွာသုံးရွာ လျှပ်စစ်ဓာတ်အားရရှိရန် လိုအပ်သော တင်ပြပါလုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစတင်ကာ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ရန်ပုံငွေဖြင့် ထည့်သွင်းလျာထားဆောင်ရွက် ရန်

ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဘဏ္ဍာငွေခွင့်ပြုချက်ရရှိသည်နှင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

ရှမ်းပြည်နယ် အစိုးရရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးကဏ္ဍများဆောင်ရွက်ရာ၌ ရပ်စောက် မြို့နယ်အတွင်း မီးလင်းလိုသည့်ကျေးရွာများကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ မည်သို့သော မူဝါဒ၊ သတ်မှတ်ချက်များဖြင့် ရွေးချယ်ဆောင်ရွက်နေသည်ကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်မဲဆန္ဒနယ် ရပ်စောက်မြို့နယ်တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်လို သော ကျေးလက်မီးလင်းရေးလုပ်ငန်း၏မီးလင်းလိုသောကျေးရွာများရွေးချယ်ရာတွင် ရပ်စောက် မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ မည်သို့သောမူဝါဒ၊ သတ်မှတ်ချက်များဖြင့်ဆောင်ရွက် နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရပ်စောက်မြို့နယ် အတွင်း ပြည်ထောင်စုရန်ပုံငွေ၊ ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အဆိုပြုလုပ်ငန်းစီမံကိန်း (မူကြမ်း)အစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ရုံးခန်း၌ကျင်းပပြုလုပ်ခဲ့ပါတယ်။ ရပ်စောက်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန မှတင်ပြသောအဆိုပြုလုပ်ငန်းလျာထားစာရင်းတွင် မြို့နယ်ရှိ ကျေးရွာများကို လွှမ်းခြုံမှု၊ မျှတမှု၊ လိုအပ်ချက်များရှိနေမှု စသည့်အားနည်းချက် များကြောင့် အမှန်တကယ်နယ်မြေချင်းထိစပ်မှု၊ ခရီး အကွာအဝေးနီးသောကျေးရွာများ ကျန်ရှိနေသည်

များအတွက် စီမံကိန်းလျာထားအဆိုပြုမှုများ ထပ်မံဖြည့်စွက်တင်ပြဆွေးနွေးခဲ့ပါတယ်။ ဥပမာအားဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေး ဌာနမှလုပ်ငန်းပါရှိပြီးသော ဝန်းသိုရွာသစ်/ရွာဟောင်းနှင့်နီးသော ရေအေးရွာ၊ မြင်တောင်ကျေးရွာ အုပ်စုမှ မီးလင်းပြီးသောတောရကျေးရွာနှင့် NEP စီမံကိန်းလုပ်ငန်းဖြင့် ဆောင်ရွက်နေသော မြောင်းတော်ကျေးရွာနှစ်ရွာကြားတွင်ရှိသော ဆင်သေကျေးရွာ၊ ပါမဲကျေးရွာ အုပ်စုတွင် လျှပ်စစ်မီးလင်းပြီးသောမြေနီကျေးရွာနှင့် လမ်းသာခြားသော ဆင်တောင်မားသဲကျေးရွာ၊ မားသဲကျေးရွာအုပ်စု ငါးပင်ကျေးရွာနှင့် မိုင်ဝက်ခန့်သာဝေးသော တောင်ကြီးကျေးရွာ၊ ယမ်းတွင်း ငါးကြောင်ကျေးရွာအုပ်စုအတွင်းရှိ ဘေးပတ်ဝန်းကျင်ကျေးရွာများတွင် မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသော်လည်း ဘတ်ဂျက်လျာထားခြင်းမခံရသောလျှော်ကုန်းကျေးရွာ စသည့်ကျေးရွာ များအတွက် လျှပ်စစ်မီးသွယ်တန်းနိုင်ရေး၊ ဒေသ၏အမှန်တကယ်လိုအပ်ချက် ၁၁ ကေဗွီလိုင်းနဲ့ အနီးဆုံး၊ ဆက်စပ်မှုအရှိဆုံး၊ အဖြစ်နိုင်ဆုံး၊ အသင့်တော်ဆုံးအခြေအနေများကို ဒေသစွဲမထားဘဲ အခြေခံကျကျဆွေးနွေးတင်ပြတောင်းခံခဲ့ပါတယ်။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်စွဲဖြင့် ပြန်လည်ဖြန့်ဝေသောအဆိုပြုလုပ်ငန်းစီမံကိန်းများတွင် ဦးစားပေးအစီအစဉ်အလိုက် ထည့်သွင်း လျာထားဖြန့်ဝေပေးတာလည်း တွေ့ရှိရပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း ၇-၇-၂၀၁၉ ရက်စွဲဖြင့် ရပ်စောက် မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင် အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်လိုသော လုပ်ငန်း များ၏စာရင်းတွင် အမှန်တကယ် ၁၁ ကေဗွီလိုင်းနှင့်အနီးဆုံး၊ ဆောင်ရွက်ပေးရန် အသင့်ဆုံး ကျေးရွာများမပါရှိဘဲ ဆက်စပ်မှုမရှိသော ၁၁ ကေဗွီလိုင်းနှင့်ဝေးသော ကျေးရွာများသာကျော်ခွ၍ လျာထားတာတွေ့ရှိရပါတယ်။ ကျွန်တော်ကတော့ ကျေးရွာများအားလုံးကို လျှပ်စစ်မီးလင်းစေချင် ပါတယ်။ လျာထားဆောင်ရွက်ပေးတာလည်း ကျေးဇူးတင်ဝမ်းသာပါတယ်။ သို့သော်လည်း တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ပေးသွားရန်သင့်ပါကြောင်း အကြံပြုတင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်း ကျေးရွာများ ရွေးချယ်ရာတွင် မြေပြင်တွင်တည်ရှိနေသော ပကတိအရှိတရားဆောင်ရွက်သင့်သည်များ၊ ဒေသကိုယ်စားပြုဆွေးနွေးတောင်းခံချက်များနှင့် မြို့နယ်စီမံကိန်းဦးစားပေးလျာထားချက်များကို အလေးမထားဘဲ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ကျေးရွာများကို ရွေးချင်ရာရွေး၊ ပေးချင်ရာပေးနေခြင်းသည် ၉-၉-၂၀၁၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်တွင်အတည်ပြုခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပုဒ်မ ၁၃ နှင့်ကွဲလွဲနေမှု၊ ကိုက်ညီမှုမရှိသည့်အတွက် သက်ဆိုင်ရာဌာနများအနေဖြင့် မည်သို့သောမူဝါဒ၊ သတ်မှတ်ချက်များဖြင့် ဆောင်ရွက်နေသည်ကို ပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းအပ် ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ရပ်စောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့် မေးမြန်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှာ ဓာတ်အားစနစ်မှ ကျေးလက်မီးလင်းရေးကဏ္ဍကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းကို ကမ္ဘာ့ဘဏ်ရဲ့ချေးငွေရယူကာဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာ ၁၁ ကေဗွီ ဓာတ်အားလိုင်းမှ နှစ်မိုင်အတွင်းရှိကျေးရွာများကို ပထမအဆင့်ဖြင့်လည်းကောင်း၊ နှစ်မိုင်မှ ငါးမိုင်အတွင်းရှိကျေးရွာများကို ဒုတိယအဆင့်ဖြင့်လည်းကောင်း၊ ငါးမိုင် မှ ၁၀ မိုင်အတွင်းကို တတိယအဆင့်ဖြင့်လည်းကောင်း၊ ၁၀ မိုင်မှအထက်ကို စတုတ္ထအဆင့်ဖြင့်လည်းကောင်း တစ်ဆင့်ချင်းဆောင်ရွက်လျက်ရှိတာ ဖြစ်ပါတယ်။

ထိုခါတ်အားလိုင်းအကွာအဝေးသတ်မှတ်ချက်အရ စီမံကိန်းအဆင့်ရွေးချယ်မှုများမှာ ပါဝင်ခြင်းမရှိသေးသောကျေးရွာများ ဆောလျင်စွာလျှပ်စစ်ခါတ်အားရရှိနိုင်ရန်အတွက် လိုအပ်သော ၁၁ ကေဗွီခါတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့က ၎င်းတို့ရဲ့ ဘတ်ဂျက်ရန်ပုံငွေဖြင့် ဘဏ္ဍာနှစ်အလိုက် လျာထားဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အနေနဲ့ ကျေးရွာများမီးလင်းရေးအတွက် ပြည်နယ်အစိုးရဘတ်ဂျက်ဖြင့် လုပ်ငန်းများလျာထားရာမှာ လွှတ်တော်ကတိကဝတ်လုပ်ငန်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြတောင်းခံတဲ့လုပ်ငန်းများ၊ ကျေးရွာပြည်သူလူထုက တောင်းခံတဲ့လုပ်ငန်းများ၊ ပြည်နယ်အစိုးရအဖွဲ့မှ လမ်းညွှန်မှာကြားသည့်လုပ်ငန်းများ၊ လုပ်ငန်းလိုအပ်ချက်အရ ဆောင်ရွက်ရမယ့်လုပ်ငန်းများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာများက စာရင်းစတင်ပြုစုရပါတယ်။ ပြုစုပြီးတဲ့ နောက်မြို့နယ်စီမံကိန်းနှင့်ခရိုင် စီမံကိန်းရေးဆွဲရေးဌာနများထံ တင်ပြရပါတယ်။ ထို့နောက် အဲဒီဌာနမှ စိစစ်ပြီးတဲ့နောက်မှာမှ ဘဏ္ဍာငွေရရှိရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်ဘတ်ဂျက်စိစစ်ရေး လွှတ်တော်ကိုယ်စားလှယ်များက စိစစ်ခွင့်ပြုတဲ့မူဝါဒအတိုင်း ရွေးချယ်ဆောင်ရွက်ကြောင်း သိရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါရှိတဲ့ ရပ်စောက်မြို့နယ်မှာရှိတဲ့ ရေအေးကျေးရွာ၊ ဆင်တောင်ကျေးရွာ၊ တောင်ကြီးကျေးရွာ၊ လျှော်ကုန်းကျေးရွာနှင့် ဆင်သေကျေးရွာ လျှပ်စစ်ခါတ်အားရရှိရေးလုပ်ငန်းများဟာ ရပ်စောက်မြို့ပေါ် ခါတ်အားလိုင်းများနှင့်ခွဲရုံများ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ၁၆ ခုကို ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ကျေးရွာများလျှပ်စစ်ခါတ်အားရရှိရေးလုပ်ငန်း ၃၆ ခုကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ ရပ်စောက်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့ထံ လျာထားတင်ပြခဲ့တဲ့ စုစုပေါင်းလုပ်ငန်း ၅၂ ခုမှာ ပါဝင်ခဲ့ပါတယ်။

ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ပြည်နယ်စီမံကိန်းဦးစီးဌာနထံသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)အတွက် လျာထားတင်ပြတဲ့ စုစုပေါင်းလုပ်ငန်း ၈၇၀ တွင် အဆိုပါလုပ်ငန်း ၅၂ ခုလည်း ပါဝင်ခဲ့ပါတယ်။ အဆိုပါလျာထားတင်ပြချက်စာရင်းကို ရှမ်းပြည်နယ်၊ ဒေသန္တရစီမံကိန်းနှင့်

ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ကာ ထပ်မံစိစစ်ရွေးချယ်ခဲ့ပါတယ်။ ထိုသို့ထပ်မံစိစစ်ရွေးချယ်ရာမှာ ရပ်စောက်မြို့နယ်အတွက် လုပ်ငန်း ၁၃ ခုအားလျာထားခွင့်ပြုခဲ့ရာတွင် ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်ပါကျေးရွာများမှာ ဘဏ္ဍာငွေမလုံလောက်မှုကြောင့် မပါဝင်တော့ခြင်း ဖြစ်ပါတယ်။ ရှင်းလင်းတင်ပြချင်တာကတော့ ကိုယ်စားလှယ်ကြီးမေးမြန်းချက်မှာပါဝင်တဲ့ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရွေးချယ်ရာမှာ ရပ်စောက်မြို့နယ်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းဌာနက ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်လုံးဝမရှိပါကြောင်း၊ မူဝါဒချမှတ်ပိုင်ခွင့်လုံးဝမရှိပါကြောင်း အဆိုပါရွေးချယ်မှုများအား ရှမ်းပြည်နယ်(အစိုးရ)နှင့် ရှမ်းပြည်နယ်(လွှတ်တော်)ကသာ မူဝါဒချမှတ်ရေးဆွဲခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

အဆိုပါကျေးရွာတွေ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်တဲ့အတွက်ကြောင့် လျှော်ကုန်းကျေးရွာနှင့် ဆင်သေကျေးရွာတို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း စုစုပေါင်း ၁.၇ မိုင် နှင့် ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေထရန်စဖော်မာသုံးလုံးတည်ဆောက်ခြင်းလုပ်ငန်းများကို ကျွန်တော်တို့ဝန်ကြီးဌာနကဆောင်ရွက်နေတဲ့ NEP ပထမအဆင့်၏မီးလင်းပြီးကျေးရွာများအတွက် အစားထိုးကျေးရွာများစာရင်းမှာ ထည့်သွင်းလျာထားပါကြောင်းနှင့် ရေအေးကျေးရွာ၊ ဆင်တောင်ကျေးရွာ၊ တောင်ကြီးကျေးရွာတို့အတွက် ၁၁ ကေဗွီဓာတ်အားလိုင်း စုစုပေါင်း ၅.၅ မိုင်နှင့် ၁၁/၀.၄ ကေဗွီ ၅၀ ကေဗွီအေထရန်စဖော်မာသုံးလုံးတည်ဆောက်ခြင်းလုပ်ငန်းများကိုတော့ NEP ရဲ့ဒုတိယအဆင့်လုပ်ငန်းများမှာ ထည့်သွင်းလျာထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

ဦးခင်မောင်မြင့်(ရပ်စောက်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ကျွန်တော်မေးခွန်းမေးမြန်းခဲ့စဉ်ကတည်းက ကျွန်တော့်မြို့နယ်ရဲ့ စီမံကိန်းအစည်းအဝေးပေါ်မှာ အခြေခံပြီးတော့မှ မေးမြန်းတင်ပြခဲ့တာ ဖြစ်ပါ

တယ်။ အဲဒီတော့လည်း ဌာနတွေကတင်ပြချက်ထဲမှာလည်း ကျွန်တော်တို့က တစ်မြို့နယ်လုံးကို လွှမ်းခြုံဖို့ အမှန်တကယ်လိုအပ်ချက်များကို အခြေခံပြီးတော့မှ ဖြည့်စွက်တောင်းခံခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ဒီပေါ်မှာ စီမံကိန်းအစည်းအဝေးတွေမှာလည်း မျိုးတွေမှာလည်း ကျင်းပနေတာဖြစ်ပြီးတော့မှ ခုနက ကျွန်တော်တို့ရဲ့ ဒုတိယဝန်ကြီး ပြောကြားချက်ထဲမှာတော့ ဒါမြို့နယ်ကတော့ ရွေးချယ်လို့မရဘူးဆိုတဲ့ဟာလည်း ပြောတာလည်းကျွန်တော် ကြားသိလိုက်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့က အမျိုးသားစီမံကိန်းဥပဒေပုဒ်မ ၁၃ မှာ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့်လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာမဲဆန္ဒနယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်လို့ပါရှိပါတယ်။ ပူးပေါင်းဆောင်ရွက်ရန် ပျက်ကွက်သည့် ပုဂ္ဂိုလ်ဌာနအဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရမည်လို့လည်း ပါရှိပါတယ်။ နောက်ထပ် ကျွန်တော် ထပ်မံပြီးတော့ ထပ်ဆင့်ဆက်စပ်မေးလိုတာကတော့ ကျွန်တော်တို့မြို့နယ်စီမံကိန်းရဲ့ အစည်းအဝေးတွေကအမှန်တကယ်မလိုအပ်တော့ဘူးလား။ အရေးမကြီးတော့ဘူးလား။ ဒါကိုလည်း ကျွန်တော်က သိလိုပါတယ်။ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ကတော့ အချိန်ကုန်ခံပြီးတော့မှ မြို့နယ်စီမံကိန်းအစည်းအဝေးတွေ တက်စရာမလိုတော့ဘူးလို့ပဲ ကျွန်တော်ကတော့ သုံးသပ်မိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့စီမံကိန်းအစည်းအဝေးတွေမှာ တကယ်အမှန်တကယ် ပြည်သူတွေရဲ့ အကျိုးသက်ရောက်မှုရှိ/မရှိနှင့် ကျွန်တော်တို့ အမှန်တကယ်ဆောင်ရွက်သင့်/မသင့်လည်း ဒါကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ကနဦးဖြေကြားချက်မှာလည်း ပါရှိခဲ့ပါ

တယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသော ရပ်စောက်မြို့နယ်မှ ရေအေးကျေးရွာ၊ ဆင်တောင်ကျေးရွာ၊ တောင်ကြီးကျေးရွာ၊ လျှော်ကုန်းကျေးရွာနှင့် ဆင်သေကျေးရွာအုပ်စု မီးလင်းရေးလုပ်ငန်းများကို ရပ်စောက်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးက ဆောင်ရွက်ရန် လုပ်ငန်းစာရင်းများ ပြုစုကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနထံ တင်ပြခဲ့သည့် လုပ်ငန်း ၅၂ ခုမှာ ပါဝင်ခဲ့ကြောင်း ဖြေကြားပြီးဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ထပ်ဆင့်မေးခွန်းမှာ စီမံကိန်းရေးဆွဲရေးဦးစီးဌာနထံ ညှိနှိုင်းအစည်းအဝေးတွေမှာ ဒီကိစ္စတွေကို ဆောင်ရွက်ရန် မလိုဘူးလားဆိုတာ လိုအပ်ပါတယ်။ ဆောင်ရွက်လည်း ဆောင်ရွက်ခဲ့ပါတယ်။ သက်ဆိုင်ရာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးက ပူးပေါင်းဆောင်ရွက်မှုအပြည့်အဝရှိခဲ့ပါကြောင်းလည်း ထပ်ဆင့်ရှင်းလင်းတင်ပြအပ်ပါတယ်။ ထိုသို့တင်ပြတဲ့ ကိစ္စရပ်များဟာ မြို့နယ်တစ်ခုတည်းတင်မကဘဲနဲ့ ရှမ်းပြည်နယ်တစ်ခုလုံးက ကိစ္စရပ်များအားလုံးကို ရှမ်းပြည်နယ်အစိုးရနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များပါဝင်သော ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီထံ ရောက်ရှိသွားပါကြောင်းလည်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကော်မတီများရဲ့ စိစစ်ချက်အရသာ ကျန်ရှိခဲ့ကြောင်းလည်း ထပ်မံရှင်းလင်းတင်ပြခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် မူလဥပဒေမှာပါတဲ့ကိစ္စရပ်အတိုင်း စီစဉ်ဆောင်ရွက်သွားခြင်းသာဖြစ်ပါကြောင်း ထပ်မံရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဟင်းငုတ်ပင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ ကရင်ပြည်နယ်၊ သံတောင်မြို့၊ သံတောင်ကြီးမြို့၊ ဘောဂလီမြို့၊ လိပ်သိုမြို့များသို့ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်း သီးခြားသွယ်တန်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက် မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးစောဗစ်တာခရိုက်(သံတောင်ကြီးမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လေ့လာသူဧည့်သည်တော်များနှင့် ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဟင်းငုတ်ပင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲစက်ရုံမှ ကရင်ပြည်နယ်၊ သံတောင်မြို့၊ သံတောင်ကြီးမြို့၊ ဘောဂလိမြို့၊ လိပ်သိုမြို့များသို့ ၃၃/၁၁ ကေဗွီဓာတ်အားလိုင်း သီးခြားသွယ်တန်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း ရခြင်းဖြစ်ပါတယ်။ ဤမေးခွန်းမေးမြန်းရတဲ့အကြောင်းအရင်းကတော့ ဓာတ်အားဖြတ်တောက်မှု နည်းပါးစေရန်၊ နောက်ဓာတ်အားဖြန့်ဖြူးမှုလွယ်ကူစေရန် လက်ရှိဓာတ်အားလိုင်းမှ ဟင်းငုတ်ပင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ရခိုင်စု ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲစက်ရုံသို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် နဂါးမောက် ၃၃/၁၁ ကေဗွီဓာတ်အားခွဲရုံသို့လည်းကောင်း၊ တစ်လိုင်းမှာ လိပ်သိုသို့ ၃၃/၁၁ ကေဗွီ ဓာတ်အားလိုင်း၊ နောက်သံတောင်ဓာတ်အားခွဲစက်ရုံမှတစ်ဆင့် သံတောင်ကြီး ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲစက်ရုံ၊ နောက်တစ်လိုင်းမှာ ဘောဂလိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲစက်ရုံဖြစ်ရေး အဆင့်ဆင့်သွယ်တန်းပြီး ဓာတ်အားဖြန့်ဖြူးလျက်ရှိပါတယ်။ ဟင်းငုတ်ပင် ပင်မဓာတ်အားခွဲရုံမှ တစ်ဆင့် ဓာတ်အားဖြန့်ဖြူးမည့်အကွာအဝေးမှာ မိုင် ၉၀ ရှိပါတယ်။ ဓာတ်အားဖြတ်တောက်မှု ဖြစ်ပါက ရခိုင်စုဓာတ်အားခွဲစက်ရုံမှာ ဓာတ်အား ဖြတ်တောက်မှုပြုလုပ်ရတဲ့အတွက်ကြောင့် ဓာတ်အားဖြန့်ဖြူးဆောင်ရွက်ရာမှာ အခက်အခဲ များစွာနှင့် ကြုံတွေ့ရတာဖြစ်ပါတယ်။ ဒါကြောင့် သံတောင်မြို့နယ်အတွက် JICA ODA ချေးငွေဖြင့် အသစ်တည်ဆောက်မည့် Regional Infrastructure Instrument Project အဆိုပြုတင်ပြထားတဲ့ ၃၃/၁၁ ကေဗွီ ၁၀ ကေဗွီအေ သံတောင်မြို့ခွဲရုံသို့ သွယ်တန်းဆောင်ရွက်ပေးသော သံတောင်ကြီးမြို့နယ်အတွက် ဓာတ်အားဖြန့်ဖြူးရာမှာ လွယ်ကူ သည့်သာမက ဓာတ်အား ဖြတ်တောက်မှုမှာလည်း နည်းပါးသွားမှာ ဖြစ်ပါတယ်။ ထိုနည်းတူ သံတောင်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးမှုအတွက် များစွာအကျိုးဖြစ်ထွန်းမှာဖြစ်တဲ့အတွက်ကြောင့် ဓာတ်အား ဖြတ်တောက်မှုလည်း နည်းပါးသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဟင်းငုတ်ပင်၊ ရခိုင်စု၊ သံတောင်၊ သံတောင်ကြီး၊ လိပ်သို၊ ဘောဂလိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲစက်ရုံများ၏ လမ်းအူကြောင်းပြမြေပုံကိုလည်း ပူးတွဲတင်ပြထားပါတယ်။ ဒါကြောင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ဟင်းငုတ်ပင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲစက်ရုံမှ သံတောင်ကြီးမြို့နယ်သို့ ၃၃/၁၁ ကေဗွီ ဓာတ်အားလိုင်း သီးခြားသွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ ရှိခဲ့သော်မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သံတောင်ကြီး မြို့နယ်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဒေါက်တာထွန်းနိုင်(ဒုတိယဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ သံတောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးစောဗစ်တာခလိုက် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က်ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးမြန်းချက်ပါ သံတောင်ကြီးမြို့သို့ တောင်ငူမြို့တွင် တည်ရှိသည့် ၃၃ ကေဗွီ ရခိုင်စုဓာတ်အားခွဲရုံထံမှ ၃၃ ကေဗွီဓာတ်အားလိုင်း ၂၄ မိုင်ဖြင့် ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အဆိုပါဓာတ်အားလိုင်းပေါ်မှ Tap Off ပြုလုပ်ကာ သံတောင်မြို့၊ ဘောဂလိမြို့နှင့် လိပ်သိုမြို့များက လျှပ်စစ်ဓာတ်အားရယူအသုံးပြုလျက်ရှိပါတယ်။ ထိုကဲ့သို့ Tap Off ပြုလုပ်ထားပြီး ဓာတ်အားရယူထားတဲ့ ဓာတ်အားလိုင်းတစ်ခုခုတွင် ဓာတ်အားလိုင်းအပြစ် ဖြစ်ပွားလာပါက အခြားဓာတ်အားလိုင်းများနှင့် ပင်မဓာတ်အားလိုင်းများပါ ဓာတ်အားပြတ် တောက်မှုဖြစ်ပေါ်ခဲ့တဲ့ ဖြစ်စဉ်တွေရှိပါတယ်။ ထိုသို့ဖြစ်ပေါ်မှုများ လျော့နည်းကျဆင်းသွားရေး အတွက် Tap Off ထုတ်ယူသည့် နေရာများတွင် Auto Recloser များနှင့် Sectionalizer များကို ဖြည့်စွက် တပ်ဆင်ကာ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

လက်ရှိတွင် သံတောင်မြို့အား ၃၃/၁၁ ကေဗွီ ၁.၂၅ အမ်ဗွီအေ ဓာတ်အားခွဲရုံမှ ဓာတ်အား ဖြန့်ဖြူးပေးထားတဲ့အတွက် ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေးနှင့် ဓာတ်အားတိုးတက်ဖြန့်ဖြူး ပေးနိုင်ရန်အလို့ငှာ သံတောင်မြို့တွင် ဥသျှစ်ကုန်းကျေးရွာ၌ ၃၃/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အား ခွဲရုံတစ်ရုံတည်ဆောက်ကာ အဆိုပါဓာတ်အားခွဲရုံကို ရခိုင်စု-သံတောင်ကြီးလမ်းမှ Tap Off ထုတ်ကာဓာတ်အားပေးခြင်းမပြုတော့ဘဲ နောင်တွင် ၂၃၀ ကေဗွီ ဟင်းငုတ်ပင် ပင်မဓာတ်အားခွဲရုံမှ ၃၃ ကေဗွီလိုင်းတိုက်ရိုက်ဖြင့် ဟင်းငုတ်ပင်-သံတောင် (ဥသျှစ်ကုန်း)ဓာတ်အားလိုင်း ၂၄.၅ မိုင် သီးခြားတည်ဆောက်ကာ ဓာတ်အာပေးရန် စီစဉ်လျာထားပြီး ဖြစ်ပါတယ်။ အဆိုပါဓာတ်အား လိုင်းအား JICA ODA ချေးငွေ Phase-3 ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ထည့်သွင်း လျာထားပြီးဖြစ်ပါ၍ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင်စတင်ကာ စီမံကိန်းလုပ်ငန်းများ စတင် ဆောင်ရွက်ရန် စီမံလျာထားပြီးဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက ပြည်ထောင်စုဒုတိယဝန်ကြီး ပြန်လည် ထွက်ခွာနိုင်ပါပြီ။

တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်း၏ ကမ်းထိန်းနံရံတစ်လျှောက်တွင် ကျူးကျော်များ ရောက်ရှိမလာစေရန်နှင့် ကမ်းနားတစ်လျှောက်တွင် ဒေသအခြေအနေနှင့် ကိုက်ညီမည့်အပင်များ စိုက်ပျိုးပေးရန် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

ဥက္ကဋ္ဌ။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်

ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ **Power Point** သုံးစွဲခွင့်ပြုပါခင်ဗျား။ တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်းတစ်လျှောက်မှာ အခုလိုမျိုး ကမ်းထိန်းနံရံများတည်ဆောက်ပေးခဲ့တဲ့အတွက် နိုင်ငံတော်အစိုးရနှင့် ဝန်ကြီးဌာနတို့ကို ပြည်သူများမှ အထူးပင်ကျေးဇူးတင်လျက်ရှိနေကြပါတယ်။ ဒီပုံတွေကတော့ တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်းမှာ ကမ်းထိန်းနံရံများတည်ဆောက်ထားတဲ့ပုံတွေပဲဖြစ်ပါတယ်။ နွေရာသီလိုအချိန်မျိုးမှာလည်း ၎င်းချောင်းတစ်လျှောက် လမ်းလျှောက်အပန်းဖြေတော့နိုင်မှာဖြစ်လို့ မြို့နယ်ရှိပြည်သူများမှာ အလွန်ပဲပျော်ရွှင်လျက်ရှိနေကြပါတယ်။ ငမိုးရိပ်ချောင်းတစ်လျှောက် အခုလို သာသာယာယာဖြစ်နေတာနှင့်အတူ ကျူးကျော်များဝင်ရောက်လာမှာကိုလည်း ပြည်သူများကစိုးရိမ်လျက်ရှိနေကြပါတယ်။ ဒီပုံတွေကတော့ ချောင်းကမ်းနားမှာရှိတဲ့ မကြာခင်ကမှဆောက်လုပ်ထားတဲ့ ကျူးကျော်အဆောက်အဦပုံတွေပဲဖြစ်ပါတယ်။ ကျူးကျော်များ ဝင်ရောက်လာနိုင်တဲ့အခြေအနေ အနေအထားကို တင်ပြတာဖြစ်ပါတယ်။

ဥက္ကကြီးခင်ဗျား။ ငမိုးရိပ်ချောင်းတစ်လျှောက်တွင် ကျူးကျော်များဝင်ရောက်လာမှုကို ကာကွယ်တားဆီးရန် တစ်ချိန်ချိန်တွင် ပြည်သူများအနေဖြင့် ငမိုးရိပ်ချောင်းတစ်လျှောက်မှာ လမ်းလျှောက်အပန်းဖြေနိုင်ရန်နှင့် စိမ်းလန်းသာယာရေးတို့အတွက် ပြုလုပ်တည်ဆောက်ပြီးသော ကမ်းထိန်းနံရံနှင့် သင့်တော်သောအကွာအဝေးခန့်တွင် ဒေသအခြေအနေနှင့်ကိုက်ညီမည့်အပင်များကို စီမံချက်ချမှတ်၍ စိုက်ပျိုးပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ် ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်၏ တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်း၏ တည်ဆောက်ပြီးသော ကမ်းထိန်း နံရံတစ်လျှောက်မှာ ကျူးကျော်များရောက်ရှိမလာရန်နှင့် ကမ်းနားတစ်လျှောက် စိမ်းလန်း သာယာရေးတို့အတွက် တည်ဆောက်ပြီးသော ကမ်းထိန်းနံရံ၏ သင့်တော်သော အကွာအဝေးတွင် ဒေသအခြေအနေနှင့်ကိုက်ညီမည့်အပင်များ စနစ်တကျစီမံချက် ချမှတ်၍ စိုက်ပျိုးပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဌာနအနေဖြင့် မည်သို့စီစဉ်ထားသည်ကို သိရှိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုးက ပြန်လည် ဖြေကြားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ မေးမြန်းချက်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေနဲ့ တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်း၏ တည်ဆောက်ပြီးသော ကမ်းထိန်းနံရံတစ်လျှောက်ရှိမြေနေရာ၏ မြေပိုင်ဆိုင်မှုကို မြေပြင်တွင် စိစစ်ခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် မြေနေရာဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကြီးကြပ်ကွပ်ကဲတဲ့မြေနေရာ မဟုတ်တဲ့အတွက် စိမ်းလန်းသာယာရေးအတွက် အပင်များစိုက်ပျိုးရန် အစီအစဉ်မရှိပါကြောင်း ပေါင်းစပ်ဖြေကြားခဲ့ပါတယ်။ အဆိုပါငမိုးရိပ်ချောင်း၏ ကမ်းထိန်းနံရံတစ်လျှောက် ကမ်းနား နယ်မြေဟာဆိုရင် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေအရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေနယ်နိမိတ်တွင် ပါဝင်သော် လည်း ကမ်းနားတစ်လျှောက် စိမ်းလန်းသာယာရေးအတွက် အပင်များစိုက်ပျိုးရန်မှာ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များတွင် ပါဝင်ခြင်းမရှိပါသဖြင့် အဆိုပါလုပ်ငန်းအတွက် ရန်ပုံငွေတင်ပြတောင်းခံရန် အခက်အခဲများရှိပါတယ်။

တောင်ဥက္ကလာပမြို့နယ်၊ ငမိုးရိပ်ချောင်း၏ တည်ဆောက်ပြီးသော ကမ်းထိန်းနံရံ တစ်လျှောက် စိမ်းလန်းသာယာလှပရေးအတွက် အပင်များစိုက်ပျိုးခြင်းကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော်လည်း

အကယ်၍ အခြားအဖွဲ့အစည်း(သို့မဟုတ်) ရပ်မိရပ်ဖများ၏ အစီအစဉ်ဖြင့် စိုက်ပျိုးလို၍ ဦးစီးဌာနသို့ ညှိနှိုင်းလာပါကစိစစ်၍ ခွင့်ပြုပေးသွားနိုင်မည်ဖြစ်ပါကြောင်း၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေအရ ဦးစီးဌာနက စီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ ကမ်းနားနယ်အတွင်း ကျူးကျော်များ မဝင်ရောက်စေရေးအတွက် ယခု နိုဝင်ဘာလမကုန်မီ သတိပေးတားမြစ်သည့်ဆိုင်းဘုတ်များကို စိုက်ထူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)။ ။ ကျွန်တော်တို့ကို စည်ပင်ကလည်းစိုက်ဖို့ အဆင်မပြေဘူးလို့ ပြောပါတယ်။ ကမ်းခြေတစ်လျှောက်မှာလည်း စိမ်းလန်းသာယာရေးအတွက် လည်း ကျွန်တော်တို့ လိုအပ်နေတဲ့အပိုင်းရှိပါတယ်။ ရပ်မိရပ်ဖတွေ၊ ပြည်သူတွေ၊ ပရဟိတအဖွဲ့တွေ စိုက်ရင်တော့ ကျွန်တော်တို့ ခွင့်ပြုပေးမယ်လို့လည်း ဝန်ကြီးဖြေကြားပေးတဲ့အတွက် ကျေးဇူး တင်ရှိပါတယ်။ တခြားဝန်ကြီးဌာနမှာ စိုက်ပျိုးရေးတို့၊ ဘာတို့ ဌာနနှင့်ညှိနှိုင်းဆောင်ရွက်ပြီးတော့ စိုက်လို့အဆင်ပြေမယ်ဆိုလို့ရှိရင်လည်း အားလုံးပေါင်း ၃၀၀၀၊ ၄၀၀၀၊ ၅၀၀၀ ပေလောက် အရှည်ကြီးဖြစ်နေတဲ့အတွက် ပရဟိတအဖွဲ့တွေ၊ ရပ်မိရပ်ဖတွေစိုက်ဖို့ကလည်း အခက်အခဲတွေ အများကြီးရှိနေပါတယ်။ ဒါကြောင့်မို့ တခြားဌာနတွေနဲ့ပေါင်းစပ်ညှိနှိုင်းပြီးတော့ စိုက်လို့ရရင်လည်း စိုက်ပါဆိုတဲ့အကြောင်းကို ဆက်စပ်မေးခွန်းအဖြစ် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားနိုင်က ဖြေကြားပေးပါ။

ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့မေးခွန်းကလည်း ကျွန်တော် ဖြေကြားပေးဖို့က အင်မတန်သင့်လျော်ပါတယ်။ ပြီးတော့ ကိုယ်စားလှယ်တော်ကြီး ပြောတဲ့အတိုင်း ကျွန်တော်တို့ အခုဟာ အဓိကပတ်သက်တာက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နှင့် ပတ်သက်ပါတယ်။ ကျွန်တော့်အနေနဲ့က အကြံပြုချင်တာကတော့

ကိုယ်စားလှယ်တော်ကြီးနှင့် ရပ်မိရပ်ဖ၊ မြို့နယ်အုပ်ချုပ်ရေးဌာနတွေအနေနဲ့ ဒီမြို့နယ်စိုက်ပျိုးရေး ဌာနကို ညှိနှိုင်းဆောင်ရွက် ပြီးတော့ စိုက်ပျိုးရေးဌာန ဒါမှမဟုတ် ဝန်ကြီးဌာနအချင်းချင်း ကျွန်တော်တို့ဝန်ကြီးဌာနရဲ့ သဘောထားမှတ်ချက်တောင်းမယ်ဆိုရင်တော့ ကျွန်တော်တို့က ခုနပြောသလို ကန့်ကွက်ရန်မရှိကြောင်း၊ ခွင့်ပြုပေးနိုင်မယ်ဖြစ်ကြောင်း ကျွန်တော်တို့အနေနဲ့ ကတော့ ပြန်ကြားပေးမှာ ဖြစ်ပါတယ်။ ဒီဟာကိုတော့ ကျွန်တော်တို့က မြို့နယ်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးနှင့် မြို့နယ်ရပ်မိရပ်ဖများအနေနဲ့ စပြီးတော့တင်ပြ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ကတော့ ပံ့ပိုးကူညီဆောင်ရွက် ပေးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မင်းလှမြို့နယ်၊ ရွာတော်ကျေးရွာအနောက်ဘက် ရေဝတီမြစ်ကမ်းပါးပေါ်ရှိ ကျောက်မှော် ဘုန်းတော်ကြီးကျောင်းနှင့် နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့သော စေတီပုထိုးများ မြစ်ရေတိုက်စားမှုအန္တရာယ်မှကင်းဝေးစေရန် ရေကာတာတစ်ခုတည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့တော့ ဒီနေ့မှာ သဘာဝဘေး ရင်ဆိုင်နေရတဲ့ နှစ်ပေါင်း ၁၀၀ ကျော်က တည်ဆောက်ခဲ့တဲ့စေတီပုထိုးများနှင့် ဘုန်းတော်ကြီး ကျောင်းအား ရေဘေးအန္တရာယ်မှ ကာကွယ်တားဆီးပေးပါရန် အစီအစဉ်ရှိ/မရှိမေးခွန်းအား ကျွန်တော်မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်နဲ့ဆက်စပ်နေတဲ့ ရွာတော်ကျေးရွာ ဆိုတာ ကျွန်တော်တို့နဲ့တစ်ဆက်တစ်စပ်တည်းရှိပါတယ်။ အဲဒီရွာတော်ကျေးရွာရဲ့ အနောက်ဘက် နားမှာ ရေဝတီမြစ်ကမ်းပါးပေါ်မှာ ကျောက်မှော်ကျောင်းလို့ခေါ်တွင်တဲ့ ဘုန်းတော်ကြီးကျောင်း

တစ်ကျောင်းနဲ့ နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့တဲ့ စေတီပုထိုးများရှိပါတယ်။ ယခု အခါမှာ မြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုပြီးတော့ ယင်းစေတီပုထိုးများ၊ ကျောင်းကန်များ အတွက် အလွန်စိုးရိမ်ရသောအခြေအနေများ ဖြစ်ပေါ်နေပါတယ်။ ဒေသခံပြည်သူများကလည်း ကျွန်တော့်ထံ တင်ပြလာကြပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ ကွင်းဆင်းလေ့လာချက်အရ လည်း စိုးရိမ်ရကြောင်း တွေ့ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြား အပ်ပါတယ်ခင်ဗျား။ ဒါကတော့ မြစ်ကမ်းပါးထိပ်မှာရှိနေတဲ့ ကျောက်မှော်ကျောင်းစေတီဘေးနားက မြင်ကွင်းပဲဖြစ်ပါတယ်ခင်ဗျ။ ဒါကတော့ ကျောက်မှော်ကျောင်းဘေးနားမှာ တည်ထားကိုးကွယ်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကျော်လောက်က တည်ထားကိုးကွယ်ခဲ့တဲ့စေတီပုထိုးဖြစ်ပါတယ်ခင်ဗျ။ ဒါကတော့ ကမ္ဘည်းမော်ကွန်းပဲဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်တင်နေဆဲကာလမှာပဲ ရွာတော်ကျေးရွာရဲ့ အောက်ဘက်နားက မင်းလှမြို့နဲ့ဆက်နေတဲ့ မင်းလှနဲ့ရွာတော်ကျေးရွာကို အဆက်အသွယ်ပြုတဲ့ လမ်းဟာ ကျွန်တော်မေးခွန်းတင်ဆဲမှာပဲ ဧရာဝတီမြစ်ရေတိုက်စားပြီးတော့ ကမ်းပါးပြိုသွားပါတယ်။ အဲဒီကမ်းပါးပြိုသွားတာကို လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ စည်ပင်သာယာက အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၊ ဆောက်လုပ်ရေးဝန်ထမ်းများနှင့် ကျွန်တော်တို့ ကွင်းဆင်းကြည့်နေတဲ့ပုံပဲဖြစ်ပါတယ်။ ဒါလည်း ဒါကိုဘယ်လိုပြုပြင်သင့်သလဲဆိုတာကို ကျွန်တော်တို့အားလုံးဝိုင်းဝန်းပြီးတော့ ကွင်းဆင်း ကြည့်နေတဲ့ပုံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိတဲ့ စေတီပုထိုးများအတွက် မြစ်ရေတိုက်စားမှုအန္တရာယ်မှ ကင်းဝေးစေရန် ကမ်းပြိုကာကွယ်ရေး ရေကာတာတစ်ခု တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ ကျွန်တော့်ရဲ့ဒေသခံပြည်သူများကိုယ်စား ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျ။

ဥက္ကဋ္ဌ။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင်၏ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရွာတော်ကျေးရွာ၏အနောက်ဘက် ဧရာဝတီမြစ်ကမ်းပါးပေါ်တွင် ကျောက်မှော် ကျောင်းဟု ခေါ်တွင် သော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် နှစ်ပေါင်း ၁၀၀ ကျော်က တည်ထားကိုးကွယ်ခဲ့တဲ့ စေတီပုထိုးများ မြစ်ရေတိုက်စားမှုအန္တရာယ်မှကင်းဝေးစေရန် ကမ်းပြို ကာကွယ်ရေး ရေကာတာတစ်ခု တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ် ပါတယ်။ မင်းလှမြို့နယ်၊ ရွာတော်ကျေးရွာ၊ မင်းလှမြို့အထက်ဘက် ဧရာဝတီမြစ် အနောက်ဘက် ကမ်း ပဥ္စမမြစ်ကျဉ်းဝအနီး ပေ ၁၀၀ ခန့်မြင့်တဲ့ မြစ်ကမ်းပါးတောင်ကုန်းပေါ်မှာ တည်ရှိပြီးတော့ အဲဒီကမ်းပါးရဲ့အောက်ခြေကတော့ ကျောက်သားများဖြစ်ပြီး အပေါ်ပိုင်းမှာ ကျောက်ရောမြေနီ မြေသားများဖြစ်ကြောင်း သိရှိရပါတယ်။ ရွာတော်ကျေးရွာသည် ရှေးနှစ်ပေါင်းများစွာကပင် တည်ထားခဲ့တဲ့ ရွာကြီးတစ်ရွာဖြစ်ကြောင်းသိရပြီး ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့အတိုင်း ရွာတော်ဘုန်းတော်ကြီးကျောင်းမှာ လွန်ခဲ့တဲ့ နှစ် ၁၀၀ ခန့်က တည်ထားခဲ့တဲ့ ရှေးဟောင်းစေတီ တော်ကြီးတစ်ဆူ ရှိပါတယ်။ အဆိုပါ ရှေးဟောင်းစေတီတော်ကြီးဟာ ဧရာဝတီမြစ်ကမ်းပါးနှင့် ပေ ၂၀ ခန့်သာကွာဝေးပြီး ဘုရားရင်ပြင်မှာ ကမ်းပါးနှင့် ၁၀ ပေခန့်သာ ကွာဝေးပါတယ်။ စေတီ တော်ကြီးအနီးရှိ ညောင်ပင်ကြီးဟာလည်း ကမ်းပါးနှင့် သုံးပေခန့်သာ ကွာဝေးပါတယ်။ ဒါကတော့ ခုန ကျွန်တော်တင်ပြသွားတဲ့ ညောင်ပင်ကြီးနဲ့ သုံးပေလောက်ပဲကွာတော့တဲ့ အနေအထားပြတဲ့ပုံ ဖြစ်ပါတယ်။ ရွာတော်ရှေးဟောင်းစေတီတော်ကြီးအနီး မြစ်ကမ်းပါးပြိုကျမှုဟာဆိုရင် ဧရာဝတီ မြစ်ရေတိုက်စားမှုကြောင့်မဟုတ်ဘဲ မိုးရာသီမိုးများချိန်ရေစီးကြောင်းများကြောင့် ကမ်းပါးပဲ့ကျခြင်း များကြောင့်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အဲဒီအပြင် ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့အတိုင်းပဲ ဧရာဝတီမြစ်ကမ်းပါးတစ်လျှောက် ဖောက်လုပ်ထားတဲ့ မင်းလှမြို့နှင့် ရွာတော်ကျေးရွာဆက်လမ်းဟာဆိုရင် ဧရာဝတီမြစ်ရေ တိုက်စားမှုနှင့် မိုးရာသီ မိုးရေစီးကြောင်းများကြောင့် လမ်းနှုတ်ခမ်းအလျားပေ ၃၀၀ ခန့် ပြိုကျ လျက်ရှိကြောင်း တွေ့ရှိပါတယ်။ လမ်းရဲ့အောက်ခံမှာ ကျောက်သားများဖြစ်ပေမဲ့လည်း ဧရာဝတီ မြစ်ကျဉ်းနေရာဖြစ်ခြင်းကြောင့် အပေါ်ယံမြေသားများ ရေစီးပွတ်တိုက်မှုပိုမိုခံရခြင်းကြောင့် လည်းကောင်း၊ မိုးရေများကြောင့်လည်းကောင်း ကမ်းပါးပြိုကျမှုများဖြစ်ပေါ်ရကြောင်း လေ့လာ တွေ့ရှိရပါတယ်။

ရွာတော်ရှေးဟောင်းစေတီတော်ကြီး မိုးရေတိုက်စားမှုကိုကာကွယ်ဖို့နှင့် ကမ်းပါးအနီး အလေးဝန်ပိခြင်းမှကာကွယ်ရန်အတွက် ဘုရားအနီးရှိ ညောင်ပင်ကြီး၏သစ်ကိုင်းများ ဖယ်ရှား ပေးပြီး မိုးရေစီးကြောင်းများမကျစေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ယာယီကာကွယ်ပေးရန် လိုအပ်မည်ဖြစ်ပြီး ရေရှည်ကာကွယ်နိုင်ရန် Bored Pile အခြေပြုကျောက်စီမြေထိန်းနံရံ အလျားပေ ၃၅၀ ခန့် ကာကွယ်ဆောင်ရွက်ပေးသင့်ကြောင်း တွေ့ရှိရပါတယ်။ အဲဒီအပြင် မင်းလှ-ရွာတော် လမ်းပိုင်း ရေတိုက်စားကမ်းပြိုမှုကိုလည်း ရေရှည်ထိန်းသိမ်းနိုင်ရန် Bored Pile အခြေပြုကျောက်စီ မြေထိန်းနံရံ အလျား ၅၀၀ ပေခန့်တည်ဆောက်၍ ကာကွယ်ဆောင်ရွက်ပေးသင့်ကြောင်း တွေ့ရှိ ရပါတယ်။

တင်ပြသွားတဲ့အတိုင်း ကာကွယ်တဲ့အစီအစဉ်တွေ ဆောင်ရွက်ဖို့ဆိုရင် ရွာတော်ရှေးဟောင်း စေတီတော်ကြီး မိုးရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းအတွက် ကုန်ကျစရိတ် ကျပ် ၂၁၅ သန်းနှင့် မင်းလှ-ရွာတော်ဆက်လမ်း မြစ်ရေတိုက်စားမှုမှ ကာကွယ်ရေးလုပ်ငန်းအတွက် ကုန်ကျစရိတ် ကျပ်သန်း ၃၁၀ အသီးသီးခန့်မှန်းတွက်ချက်ထားသဖြင့် လုပ်ငန်းနှစ်ရပ်အတွက် စုစုပေါင်း ခန့်မှန်း ကုန်ကျစရိတ်မှာ ကျပ် ၅၂၅ သန်းဖြစ်ပါတယ်။ ရွာတော်ရှေးဟောင်းစေတီတော်ကြီး မိုးရေ တိုက်စားမှုနှင့် မင်းလှ-ရွာတော်ဆက်လမ်း မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများဟာဆိုရင် အမှန်တကယ်ဆောင်ရွက်ပေးသင့်တဲ့ လုပ်ငန်းများဖြစ်သော်လည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် အတွက် မကွေးတိုင်းဒေသကြီး

အစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေမှာ ထည့်သွင်းလျာထားခြင်းမရှိပါသဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

ဦးကျော်ကြီး(ခ)ဦးအုန်းခင်၊ မင်းလှမဲဆန္ဒနယ်။ ။ ဒုတိယဝန်ကြီး အခုလို ဖြေကြားသွားတာကို ကျွန်တော့်အနေနဲ့ ဝမ်းသာပီတိဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်လျာထားချက်မှာ မပါပေမဲ့ ဒါကလုပ်သင့်တဲ့အလုပ်ဖြစ်တဲ့အတွက် ဘယ်နှစ်မှာဆောင်ရွက်ပေးနိုင်မယ်ဆိုတာလေး သိရှိချင်တာဖြစ်တဲ့အတွက် ဆက်စပ်မေးခွန်းအဖြစ် မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါ တယ်။

ဥက္ကဋ္ဌ။ ။ ဝန်ကြီးဌာနက ပြန်လည်ဖြေကြားပေးရန်ဖြစ်ပါတယ်။

ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။ ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းအတွက် ကျေးဇူးတင် ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့တိုင်းဦးစီးဌာနကို မေးမြန်းတဲ့အခါမှာ မကွေးတိုင်း ဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေ ၂၀၁၉-၂၀၂၀ ရန်ပုံငွေမှာဆောင်ရွက်ဖို့ ကျွန်တော်တို့ ဌာနနဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေတင်ပြတဲ့နေရာမှာ ခုနကျွန်တော်တင်ပြသွားတဲ့ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းကို တင်ပြခဲ့ပါတယ်။ ဒါပေမဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ သူ့တိုင်းဒေသကြီး တစ်ဝန်းမှာရှိတဲ့ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ သူတို့အနေနဲ့လည်း ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက် ပေးရတဲ့အတွက် ဒီလုပ်ငန်းဟာ သူတို့ရဲ့လျာထားရန်ပုံငွေထဲမှာ မပါရှိခဲ့ခြင်းဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးတဲ့ ဘယ်နှစ်မှာပါမယ်ဆိုတာကတော့ ကျွန်တော့်ဌာနအနေနဲ့ကတော့ နှစ်စဉ် ဘယ်တိုင်းဒေသကြီး၊ ဘယ်ပြည်နယ်ဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ကတော့ ဆောင်ရွက်သင့်တဲ့ လုပ်ငန်းတွေကို ကျွန်တော်တို့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို အမြဲတင်ပြ ပါတယ်။ အဲဒီတော့ ဦးစားပေးအဆင့်ကတော့

တိုင်းဒေသကြီး/ပြည်နယ် သူတို့ကလည်း ၂၀၁၃-၂၀၁၄ ခုနှစ်ထဲက မီးဘေးနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးရန်ပုံငွေထဲကနေပြီးတော့ လျာထားသုံးစွဲရတဲ့အတွက် သူတို့ရဲ့ ဦးစားပေးအစီအစဉ်နဲ့ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ဘယ်နှစ် မှာထည့်သွင်းလျာထား ပေးမယ် ဆိုတာတော့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဖြေကြားပေးနိုင် မှာတော့ မဟုတ်ပါဘူးလို့ တင်ပြအပ်ပါတယ်။

မာန်အောင်မြို့နယ်မှ ရမ်းဗြဲမြို့၊ ကျောက်ဖြူမြို့နယ်များနှင့် ပြည်နယ်၊ ပြည်မရှိ မြို့များသို့ ခရီးသွား လာရာတွင် အဆင်ပြေမြန်ဆန်ရေးအတွက် ရမ်းဗြဲနှင့် မာန်အောင်သို့ ဇက်ရေယာဉ်ပြေးဆွဲပေးရန် အစီအစဉ် ရှိ၊ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

ဥက္ကဋ္ဌ။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည် တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ) ဦးတင်နုအောင်ပါ။ ကျွန်တော် ဒီနေ့လွှတ်တော်မှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမယ့် မေးခွန်း ကတော့ ကျွန်တော်တို့ရဲ့မဲဆန္ဒနယ် ဖြစ်တဲ့မာန်အောင်မြို့နယ်မှ ရမ်းဗြဲ၊ ကျောက်ဖြူမြို့များနှင့် ပြည်နယ်/ပြည်မရှိ မြို့များသို့ ခရီးသွားလာရာတွင် အဆင်ပြေမြန်ဆန်ရေးအတွက် ရမ်းဗြဲနှင့် မာန်အောင်သို့ ဇက်ရေယာဉ် ပြေးဆွဲပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရခိုင်ပြည်နယ်ဟာ ကျွန်တော်တို့နိုင်ငံမှာ ဒုတိယ အဆင်းရဲဆုံး ပြည်နယ်တစ်ခုဖြစ်ပါတယ်။ အဆင်းရဲဆုံးပြည်နယ်ထဲမှာမှ မာန်အောင်မြို့နယ်ဟာ လမ်းပန်းဆက်သွယ်ရေးခက်ခဲလို့ နိုင်ငံတော်မှ ဝေးလံခေါင်သီဒေသရှားပါးစရိတ်ခံစားခွင့်ပြုထားတဲ့ မြို့နယ်တစ်ခုဖြစ်လို့ ပိုပြီးဆင်းရဲပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်ကျွန်းရဲ့အကျယ်အဝန်းဟာ စတုရန်းမိုင်၂၀၂ မိုင်ရှိပြီး ကျေးရွာပေါင်း ၁၃၇ ရွာနှင့် မြို့ပေါ်ရပ်ကွက် ၅ ရပ်ကွက်ရှိပါတယ်။

လူဦးရေ ၆၅၀၀၀ ကျော် နေထိုင်လျက်ရှိပြီး မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံးကျွန်းတစ်ကျွန်းပါ။ ဘင်္ဂလား ပင်လယ်အော်ထဲမှာရှိပြီး ပင်လယ်ရေပတ်လည်ဝိုင်းလျက်ရှိပါတယ်။ ကျောက်ဖြူ ရမ်းဗြဲနှင့် တောင်ကုတ်မြို့တွေကိုသွားတဲ့အခါ ပင်လယ်ရေကြောင်းကို အဓိကအားထား နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မာန်အောင်ကျွန်းကနေ တစ်နေ့ကို ခရီးသွားပြည်သူ ၅၀၀ ခန့်ဟာ နေ့စဉ်နေ့တိုင်း တောင်ကုတ်မြို့နှင့် ရမ်းဗြဲ၊ ကျောက်ဖြူမြို့တွေကို သွားလာလျက် ရှိကြပါ တယ်။ ဒီလိုသွားလာရာမှာ တောင်ကုတ်မြို့ကို ပထမသွားရပြီး တောင်ကုတ်မှတစ်ဆင့် မိမိတို့ သွားလိုရာမြို့တွေကို သွားကြရပါတယ်။ တောင်ကုတ်နှင့်မာန်အောင်ဟာ မိုင် ၅၀ ခန့်ဝေးပြီး မာန်အောင်နှင့်ကျောက်ဖြူဟာ မိုင် ၄၈ မိုင်သာ ဝေးပါတယ်။ ရမ်းဗြဲနှင့် မာန်အောင်က ပင်လယ်ရေ မိုင် ၆.၂၅ မိုင် ခန့်သာ ကွာဝေးပါတယ်။ တကယ်လို့ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းကိုသွားလာဖို့ ဇက် ရေယာဉ်စီစဉ်ပေးရင် ကျွန်တော်တို့မာန်အောင်က ပြည်သူလူထုတွေဟာ ကျောက်ဖြူနှင့်ရမ်းဗြဲ ကိုနေ့ချင်းပြန် ကား၊ဆိုင်ကယ်တွေနှင့် သွားလာနိုင်မှာဖြစ်ပါတယ်။ မာန်အောက်ကနေ ရခိုင် ပြည်နယ်မှာရှိတဲ့ မြို့အားလုံးနှင့် ပြည်မဘက်သို့ ကား၊ ဆိုင်ကယ်တွေနှင့် သွားလာနိုင်မှာဖြစ်လို့ ဇက်ရေယာဉ်ဟာ မာန်အောင်နေပြည်သူလူထုအတွက် မရှိမဖြစ်လိုအပ်နေပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နောက်အရေးကြီး တဲ့အချက်တစ်ချက်ကတော့ ကျွန်တော်တို့မာန်အောင်ကို မြန်မာနိုင်ငံရဲ့ အဓိကဟိုတယ်နှင့်ခရီးသွား လုပ်ငန်းမှာပါဝင်နေတဲ့အချက်ပါပဲ။ ဒီလိုထည့်ထားရတဲ့အကြောင်း ကလည်း မြန်မာနိုင်ငံမှာ အလှပဆုံး သဘာဝပင်လယ်ကမ်းခြေနှင့် ကမ္ဘာ့အဆင့်မီရှည်လျားလှပတဲ့ ပင်လယ်ကမ်းခြေအလှဟာ မာန်အောင်ကျွန်းပေါ်မှာပဲရှိလို့ဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ရခိုင်ပြည်နယ်၊ သံတွဲမြို့ကိုရောက်ရှိခဲ့စဉ်က မာန်အောင်ကျွန်း ရဲ့ပင်လယ်ကမ်းခြေအကြောင်းကို ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ အကယ်၍ ဇက်ရေယာဉ်သာရမ်းဗြဲ- မာန်အောင် ပြေးဆွဲပေးနိုင်ပါက ပြည်တွင်း၊ ပြည်ပခရီးသည်တွေဟာ မာန်အောင်ပင်လယ် ကမ်းခြေသို့ ကားနှင့်ဆိုင်ကယ်နှင့် လာရောက်အပန်းဖြေ အနားယူဖို့လာကြမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်ကျွန်းနှင့်ရမ်းဗြဲကျွန်းဟာ ပင်လယ်ရေလက်ကြားခြားလျက်ရှိပါတယ်။

ပင်လယ်ရေလက်ကြားဟာ ရေမိုင် ၆.၂၅ မိုင်ခန့်သာ ကွာဝေးပါတယ်။ ဖွံ့ဖြိုးတိုးတက်ပြီး ချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေမှာဆိုရင် မာန်အောင်နှင့်ရမ်းဗြဲဟာ တံတားထိုးထားပြီး ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ကမ္ဘာမှာပင်လယ်ရေနက်ဆိပ်ကမ်းရှိတဲ့ ကျောက်ဖြူမြို့ရှိရာ ရမ်းဗြဲကျွန်းနှင့် ကမ္ဘာ့အဆင့်မီသဘာဝ ပင်လယ်ကမ်းခြေအလှရှိတဲ့ မာန်အောင်ကျွန်းဟာ ရေမိုင် ၆.၂၅ မိုင်ခန့်သာ ကွာဝေးလို့ ဖြစ်ပါတယ်။ ဒီလိုအချက်တွေကြောင့် တစ်နေ့တစ်ချိန်မှာ ရမ်းဗြဲနှင့် မာန်အောင်တံတားကြီး တည်ဆောက်လာလိမ့်မည်ဆိုတာ မျှော်လင့်ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်ကျွန်းပေါ်မှာနေထိုင်လျက်ရှိကြတဲ့ ပြည်သူတွေရဲ့ လူမှုဘဝစီးပွားတိုးတက်မြင့်မားဖို့နှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်မှုဟာ အဓိကဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက ဒေသနေပြည်သူများရဲ့ လူမှုဘဝတိုးတက်မြင့်မားလာမှာမို့ ရမ်းဗြဲနှင့်မာန်အောင်ကို ဇက်ရေယာဉ် ပြေးဆွဲပေးဖို့ လိုအပ်လာပါတယ်။ ဒါကြောင့်ရမ်းဗြဲနှင့်မာန်အောင်ကို ဇက်ရေယာဉ်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက ဘယ်အချိန်မှာပြေးဆွဲမယ်၊ အစီအစဉ်မရှိပါက အဘယ်ကြောင့် မရှိသည်ကို သိရှိလိုသည့်အတွက် မဲဆန္ဒရှင်ပြည်သူများရဲ့ ကိုယ်စားဤမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)တင်နုအောင်၏ မာန်အောင်မြို့နယ်မှရမ်းဗြဲ၊ ကျောက်ဖြူမြို့နယ်များနှင့် ပြည်နယ်/ပြည်မရှိမြို့များသို့ ခရီးသွားလာရာတွင် အဆင်ပြေမြန်ဆန်ရေးအတွက် ရမ်းဗြဲနှင့်မာန်အောင်သို့ ဇက်ရေယာဉ်ပြေးဆွဲပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော်ဦးကျော်မျိုးက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား၊ Powerpoint အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်း ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းတို့ကို ပင်လယ်ရေးလက်ကြားခြားထားလျှက်ရှိပြီး ကျွန်းနှစ်ခု၏ အနီးဆုံးနေရာ၌ ရေမိုင်ခြောက်မိုင် ခန့်ကွာဝေးပါတယ်။ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းကြားရှိ အဆိုပါ ရေလမ်းခရီးသည် မိုးရာသီတွင် ရာသီဥတုကြမ်းတမ်းပြီး နွေရာသီရေနည်းချိန်တွင် ကျောက်ဆောင်များ၊ သဲသောင်များ ဖြစ်ပေါ်သည့်အပြင် ရေတက်ချိန်တွင်သာ ဇက်ရေယာဉ်များ ကမ်းသို့ ဝင်/ထွက်ဆိုက်ကပ်နိုင်မည်ဖြစ်၍ ဇက်ရေယာဉ်ဖြင့် ရာသီမရွေး၊ အချိန်မရွေးသွားလာ၍မရနိုင်တဲ့ ရေလမ်းခရီး ဖြစ်ကြောင်းလေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ပင်လယ် ရေလက်ကြားဖြစ်တဲ့အတွက် ရိုးရိုးဇက်ရေယာဉ်ဖြင့်ကူးရန် သင့်လျော်မှုမရှိဘဲ ကမ်းရိုးတမ်းသွား ဇက်ရေယာဉ် (Coastal Landing Craft) ဖြင့်သာ သဘာဝဘေးအန္တရာယ်ကင်းရှင်းစွာကူး၍ ရနိုင်မှာ ဖြစ်ပါတယ်။ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းကြား သင့်လျော်သည့် ဇက်ရေယာဉ်ဖြင့် ကူးသန်း သွားလာ၍ ခရီးစဉ်များ ပြေးဆွဲမည်ဆိုပါက ဇက်ကူးတို့ ချဉ်းကပ်လမ်း၊ မော်တော်ယာဉ်လမ်းနှင့် ဇက်ဆိုက်ကပ်ဆိပ်ကမ်းတို့ကို ပြည်နယ်အစိုးရနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တို့အနေနဲ့ ဖောက်လုပ်တည်ဆောက်ပေးရန်လိုအပ်မည်ဖြစ်ပြီး ကုန်ကျစရိတ်များပြားမှာဖြစ်ပါသည်။ ထို့အတွက်ကြောင့် အဆိုပါ ရေလမ်းခရီးတွင် ဇက်ရေယာဉ်ပြေးဆွဲခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက စီးပွားရေးတွက်ချေကိုက်နိုင်ခြေနည်းပါးကြောင်း သုံးသပ်နိုင်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြခဲ့သည့် အကြောင်းများကြောင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ကိုယ်စားလှယ်တော်ကြီးတင်ပြသည့် ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းအကြား ဇက်ရေယာဉ်ပြေးဆွဲပေးရန် အစီအစဉ် မရှိပါကြောင်း တင်ပြအပ်ပါသည်။ ဒါပေမဲ့လည်း ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ရေချမ်းပြင်–အငူမော် ခရီးလမ်းပြေးဆွဲရန်အတွက်ကားကြီး၊ ကားသေး ၂၅) စီးခန့် တင်ဆောင်နိုင်သည့် ပေ ၂၀၀ x ပေ ၅၀ x ပေ ၁၀ အတိုင်းအတာရှိကမ်းရိုးတန်းသွား (Landing Craft ) ရေယာဉ်သစ် တစ်စီးကို ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းတွင်တည်ဆောက်လျှက်ရှိရာ မကြာမီပြီးစီးတော့မည် ဖြစ်ပါတယ်။

မူကြမ်း

အဆိုပါရေယာဉ်သစ်ကို တည်ဆောက်ပြီးချိန်တွင် လက်ရှိနယ်မြေအခြေအနေအရ ရေချမ်းပြင်–အငူမော်ခရီးလမ်းမှာ ပြေးဆွဲနိုင်ခြင်းရှိမည်မဟုတ်သေးကြောင်း ခန့်မှန်းရပါသဖြင့် အဆိုပါကမ်းရိုးတမ်းသွားဇက်ရေယာဉ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်များက ငှားရမ်းအသုံးပြု၍ ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်းအကြား ပြေးဆွဲလိုခြင်းရှိပါက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ငှားရမ်းပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်တွင် ရထားလမ်းဘူတာရုံအဖြစ် တည်ဆောက်ခဲ့ကြသောမြေနေရာကို ဆက်လက်ပြီး ဘူတာရုံတည်ဆောက်ရန်အစီအစဉ်ရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း

ဥက္ကဋ္ဌ။ ။ ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး မေးမြန်းဖို့ဖြစ်ပါတယ်။

ဦးလဂန်ဇယ်ဂျုံး(ဝိုင်းမော်မဲဆန္ဒနယ်)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံးဖြစ်ပါတယ်။ ယနေ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်တွင် ရထားလမ်းဘူတာရုံအဖြစ် တည်ဆောက်ခဲ့ကြသောမြေနေရာကို ဆက်လက်ပြီး ဘူတာရုံတည်ဆောက်ရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့မေးခွန်းကို Power Point သုံးစွဲခွင့်ပြုပါရန်ခွင့်တောင်းခံအပ်ပါတယ်။ ကျွန်တော်တို့ ဝိုင်းမော်မြို့နယ်မှာ ၂၀၀၉ ခုနှစ်ခန့်ကတည်းက ရထားသံလမ်း၊ ဘူတာရုံ စတင်တည်ဆောက်ပြီး စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့ကြတာဖြစ်ပါတယ်။ ယနေ့ဆိုရင်တော့ ၁၀ နှစ်နီးနီးခန့်ရှိခဲ့ပြီဖြစ်ပါတယ်။ ခုတွေ့မြင်ရတဲ့ Slide ပုံရဲ့ဆိုင်းဘုတ်မှာကတော့ စာသားတွေမတွေ့ရှိရတော့ပါဘူး။ ဒီလုပ်ငန်းကိုအကောင်အထည်ဖော်ဖို့

အတွက် စတင်တည်ဆောက်ထားတဲ့ အဆောက်အဦတွေဖြစ်ပါတယ်။ အောက်ကညာဘက်ပုံကတော့ အဆောက်အဦရဲ့အတွင်းပိုင်းက ပျက်စီးနေတဲ့ပုံတွေဖြစ်ပါတယ်။ လက်ရှိအခြေအနေအထိတော့ ဒီလုပ်ငန်းကိုဆက်လက်အကောင်အထည်ဖော်ခြင်းလည်းမရှိဘူး။ အစောင့်အကြပ်လည်းမရှိဘဲနဲ့ ဒီတိုင်းလပ်ထားတဲ့ အဆောက်အဦမြေနေရာတွေဖြစ်ပါတယ်။ ဒါလည်းပဲ မြေလပ်နေတဲ့မြေတွေကိုပြထားခြင်းဖြစ်ပါတယ်။ မြေဧရိယာကေကတော့ ၅၀၀ ကျော်ခန့်ရှိတာကိုတွေ့ရှိရပါတယ်။ ဒီ Slide ကတော့ သံလမ်းလာဖို့အတွက်ဆိုပြီးမှ မြေသားတာပေါင်ဖို့ဖို့ရန်အတွက်မြေတွေကိုတူးဖော်လိုက်တဲ့ ကျင်းတွေ၊ ချိုင့်တွေဖြစ်ပါတယ်။ ဒီကျင်းတွေ၊ ချိုင့်တွေထဲမှာအခုတွေ့မြင်ရတဲ့အတိုင်း ရေတွေပြည့်လျှံလျက်ရှိတယ်။ မိုးတွင်းကာလဆိုရင် ဒီထဲမှာရေအပြည့်စီးဆင်းတာရှိတယ်။ အဲဒီလို ရေပြည့်စီးဆင်းတဲ့အခါကျတော့ ဘေးကရပ်ကွက်ထဲမှာဖြစ်တဲ့အတွက်ကလေးသူငယ်တွေက ဒီမှာ ရေလာချိုး၊ ရေကစားကြတဲ့အခါကျတော့ ကလေးသူငယ်တွေ အသက်ဆုံးရှုံးရတဲ့အထိ ချိုင့်တွေနက်တဲ့အခါကျတော့ အသက်ဆုံးရှုံးရတာဖြစ်သလို နှစ်စဉ်နှစ်တိုင်းရေနစ်တဲ့ကလေးတွေကိုကယ်တင်ဆယ်ရတဲ့ ကျင်းတွေ၊ ချိုင့်တွေဖြစ်နေတာကို တွေ့ရတဲ့ပုံပဲဖြစ်ပါတယ်။ ဒါကတော့ မြေသားတာပေါင်ဖြစ်ပါတယ်။ ခုနက တူးလိုက်တဲ့ကျင်းတွေထဲကနေတူးပြီး ဒီလိုပေါင်တွေကိုပို့လိုက်တဲ့ သံလမ်းလာမယ့် မြေသားတာပေါင်ဖြစ်ပါတယ်။ သံလမ်းတော့မရှိသေးပါဘူး။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစီမံကိန်းကြီးရောက်ရှိလာတော့ ကျွန်တော်တို့ဝိုင်းမော်အတွက်တော့ လက်ရှိအခြေအနေအထိတော့ ပျော်ရမလိုလို၊ ငိုရမလိုလို၊ ဝမ်းသာရမလိုလိုဖြစ်နေပါပြီ။ ဒီစီမံကိန်းကြီးကြောင့် လက်ရှိဖြစ်နေတဲ့အခြေအနေကိုတော့ ဒေသခံတွေပဲ ခံစားခဲ့ကြရတာဖြစ်ပါတယ်။ အဲဒီအခါကျတော့ ဆက်လက်ပြီးလည်း ဒီစီမံကိန်းကို ဆက်လက်လုပ်ဆောင်ရန်အစီအစဉ်ရှိပါသလား။ ဖြူဖြူမည်းမည်း၊ သည်းသည်းကွဲကွဲသိဖို့ လိုပြီဖြစ်တဲ့အတွက်ကြောင့်မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် သက်ဆိုင်ရာဌာနသို့ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဖြေကြားချက်

ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ဝိုင်းမော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလဂန်ဇယ်ဂျုံး၏ ဝိုင်းမော်မြို့နယ်၊ အမှတ်(၄)ရပ်ကွက်တွင် ရထားလမ်းဘူတာရုံအဖြစ် တည်ဆောက်ခဲ့တဲ့မြေနေရာကို ဆက်လက်ပြီး ဘူတာရုံတည်ဆောက်ရန်အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအပေါ် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-သီပေါ-လဲချား-နမ့်ဆန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းရဲ့ ဝိုင်းမော်-တာလောကြီး လမ်းပိုင်းဖောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၁၀ ခုနှစ်မှာစတင်ခဲ့ပြီးတော့ ၂၀၁၂ ခုနှစ်အထိ တာပေါင်မြေဖို့ခြင်းလုပ်ငန်း ၂.၁၈ မိုင်ဆောင်ရွက်ပြီးစီးခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်ခြင်းမပြုတော့ဘဲ ရပ်ဆိုင်းထားခဲ့ပါတယ်။ အဲဒီစီမံကိန်းကို ဖြစ်မြောက်နိုင်ခြေလေ့လာခြင်း(FS) စနစ်တကျ ဆောင်ရွက်မှုမရှိဘဲ ဖောက်လုပ်ခဲ့ခြင်း၊ ကုန်ကျစရိတ်များပြားပြီး လတ်တလောအကျိုးမရှိနိုင်ခြင်းနှင့် စီးပွားရေးအရတွက်ခြေကိုက်မှုမရှိနိုင်ခြင်းတို့ကြောင့် စီမံကိန်းကိုရပ်ဆိုင်းခဲ့ရခြင်း ဖြစ်ပါတယ်။

ဝိုင်းမော်ဘူတာယာဒ်ဝင်းနေရာမှာ စီမံကိန်းစတင်ဆောင်ရွက်စဉ်က စီမံကိန်းရှင်းလင်းဆောင် အဆောက်အဦတစ်လုံးကိုသာ ဆောက်လုပ်ခဲ့ပြီး ဘူတာရုံတည်ဆောက်ခဲ့ခြင်းလည်းမရှိပါ။ မြန်မာ့မီးရထားအနေနဲ့ ဝိုင်းမော်ဘူတာယာဒ်ဝင်းတည်ဆောက်မည့်နေရာအပါအဝင် လမ်းအူကြောင်းတစ်လျှောက် တာပေါင်မြေဖို့ခဲ့ရာမှာ ဆောင်ရွက်ပြီးစီးခဲ့သည့် ၂.၁၈ မိုင်အတွင်းပါဝင်သွားတဲ့ တောင်သူ ၂၄ ဦး၏ ကျန်ရှိမြေ ၃၁.၃၅ ဧက၊ တောင်သူခြောက်ဦး၏ နှစ်ရှည်ပင်/သီးနှံပင် မျိုးစုံ ၂၃၈ ပင်နှင့် တောင်သူသုံးဦး၏ နေအိမ်တဲ၊ မီးဖိုချောင်တဲသုံးလုံးတို့အတွက် လျော်ကြေးနှင့် နစ်နာကြေး စုစုပေါင်း ကျပ် ၂၂.၆၅၅ သန်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ သက်ဆိုင်ရာတောင်သူ များသို့ ပေးချေထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝိုင်းမော်-တာလောလမ်းပိုင်းမှာ တာပေါင်မြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်စဉ် ရထားလမ်းနယ်နိမိတ်အတွင်းက မြေများကိုတူးယူ၍ မြေဖို့ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ရသဖြင့် ရထားလမ်းတာပေါင်ဘေးတစ်လျှောက်မှာ အလျားလိုက်ကျင်းများဖြစ်ပေါ် ခဲ့ပြီး အဲဒီကျင်းတွေကတစ်ဆက်တည်းမရှိခြင်းကြောင့် ကိုယ်စားလှယ်တော်ကြီးတင်ပြသွားတဲ့ အတိုင်းပဲ မိုးတွင်းကာလမှာ ရေဝပ်ပြီးရေအိုင်များသဖွယ်ဖြစ်ပေါ်နေတာလည်း မှန်ပါတယ်။ အဆိုပါ ရထားလမ်းတာပေါင်ဟာ ဝိုင်းမော်မြို့နယ်အတွင်းရှိ လူနေထိုင်တဲ့ ရပ်ကွက်ခုနစ်ခုဖြတ်သန်းသွားပြီး အမှတ်(၆)ရပ်ကွက်မှ စတုတ္ထတန်းမှာ ပညာသင်ကြားနေတဲ့ကျောင်းသူတစ်ဦးက မိုးတွင်းကာလမှာ ရေဆော့ကစားခဲ့သဖြင့် ရေနစ်သေဆုံးမှုကိစ္စမျိုးဖြစ်ခဲ့ကြောင်းလည်း သိရှိခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တာပေါင်အရှည် ၂.၁၈ မိုင်ဖို့မြေအတွက် မြေကြီးများ တူးယူထားခြင်းကြောင့်ဖြစ်ပေါ်နေတဲ့ကျင်းများကို မိုးတွင်းကာလရေမဝပ် စေရန် အတွက်၊ မြေကြီး ပြန်ဖို့ရန်အတွက် မဖြစ်နိုင်သော်လည်း မိုးတွင်းကာလမှာ ရေအိုင်သဖွယ် ရေဝပ်ခြင်းမရှိစေဘဲ ရေမြောင်းသဖွယ် ရေစီးထွက်စေရန်အတွက်လည်းကောင်း၊ တူးမြေကျင်းများ တစ်ဆက်တည်း ဖြစ်စေရန်လည်းကောင်း၊ မြေတိုင်းတာစစ်ဆေးခြင်းလုပ်ငန်းများကိုဆောင်ရွက်၍ တူးဖော်ထားတဲ့ ကျင်းများကိုဆက်စပ်ပေးခြင်း၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ပေးခြင်း များကို လာမည့် ပွင့်လင်းရာသီမှာ စီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အထက်ပါရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ရပ်ဆိုင်းထားခဲ့သဖြင့် လတ်တလော အခြေအနေမှာ ဝိုင်းမော်ဘူတာကိုတည်ဆောက်ရန် အစီအစဉ်မရှိသေးသော်လည်း နောင်တွင် နိုင်ငံတော်၏လိုအပ်ချက်အရ မြစ်ကြီးနား-ဝိုင်းမော်-ဗန်းမော်ရထားလမ်းဖောက်လုပ်ရန် စီမံကိန်း ပေါ်ပေါက်လာပါက ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဘူတာယာဒ်ဝင်းနှင့် လမ်းအူကြောင်း တစ်လျှောက် သိမ်းဆည်းမြေများများအတွက် လျော်ကြေးငွေများကိုပေးချေထားခဲ့ပြီး ဌာနပိုင်မြေ အဖြစ် အမည်ပေါက်ရရှိရေးဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် အဆိုပါရထားလမ်းစီမံကိန်းကို အကောင်အထည်ဖော်မည့်အချိန်ကာလကို ခန့်မှန်းနိုင်ခြင်းမရှိသေးသဖြင့် ဝိုင်းမော်မြို့နယ်အတွင်း ရုံးမြေနေရာလိုအပ်နေတဲ့ အခြားဝန်ကြီးဌာနများအနေနဲ့ ညှိနှိုင်းလာပါက လုပ်ထုံးလုပ်နည်းနှင့်အညီ

တင်ပြဆောင်ရွက်ပေးနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ မိုက်ပေးပါ။

ဦးလဂန်ဇယ်ဂျူး(ဝိုင်းမော်မဲဆန္ဒနယ်)။ ။ ဟုတ်ကဲ့။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ပြည်ထောင်စုဒုတိယဝန်ကြီး ဖြေကြားသွားတဲ့အတွက် များစွာကျေးဇူးတင်ရှိပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းမှာပါတဲ့အတိုင်း မြေနေရာမရသေးတဲ့ ဌာနဆိုင်ရာတွေလည်း ရှိပါတယ်။ ဒီဌာနဆိုင်ရာတွေအတွက်လည်းပဲ ညှိနှိုင်းလာရင် ပြန်ပြီးမှညှိနှိုင်းဆောင်ရွက်တဲ့အတိုင်း လုပ်ဆောင်ပေးသွားမယ်ဆိုတာပါတဲ့အတွက်လည်း ကျေးဇူးတင်တယ်။ ရေစီးရေလာကောင်းအောင် လုပ်ပေးမယ်ဆိုတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ တစ်ခုလေးဆက်စပ်မေးမြန်းလိုတာကတော့ ကျွန်တော် ခုနက Power Point မှာပြတဲ့ ဒီအဆောက်အဦလေးကိုတော့ ပြန်လည်ဖျက်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းလိုပါတယ်။ ဒီအဆောက်အဦထဲမှာ ဒီမှာရှိတဲ့ဒေသခံလူငယ်တွေက သူတို့အတွက် မကောင်းတဲ့ဒုစရိုက်လုပ်ငန်းလုပ်ဖို့ရန် ဆောက်ပေးထားတဲ့ အဆောက်အဦလိုဖြစ်နေပါတယ်။ အဲဒီအတွက်ကြောင့် ဒီအဆောက်အဦကိုလည်းပဲ အလျင်အမြန်ဖျက်သိမ်းပေးရန်အစီအစဉ်ရှိ/မရှိကိုလည်းပဲ ဆက်စပ်မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

ဦးကျော်မျိုး(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့မေးခွန်းကိုလည်း ကျွန်တော်ဖြေကြားဖို့တာဝန်ရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးမေးမြန်းတဲ့ဟာကတော့ မူရင်းမေးခွန်းရဲ့ ကျိုးကြောင်းဖော်ပြချက်မှာမပါရှိခဲ့တဲ့အတွက် ကျွန်တော် ဒီကိစ္စကို သက်ဆိုင်ရာမြန်မာ့မီးရထားကို ပြန်လည်စိစစ်ခိုင်းပြီးမှ ကျွန်တော်ပြန်လည်ပြီးမှဖြေကြားနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့အတွက် ဒီကနေ့အတွက်မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

## အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များဥပဒေကြမ်းကိုလက်ခံရရှိကြောင်းနှင့်ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော မြန်မာနိုင်ငံ ဆေးပညာရပ်များဆိုင်ရာ ဘွဲ့၊ ဒီပလိုမာနှင့် လက်မှတ်များဥပဒေကြမ်းကို ၁၈-၆-၂၀၁၉ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန်အဆိုတင်သွင်းလိုသူများအနေနဲ့ ဆွေးနွေးလိုသည့် ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၆-၁၁-၂၀၁၉ ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၀၄:၀၀ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကိုရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်(အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီမှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အတွက် အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

အချိန်၊ ၁၁:၂၅။

အခမ်းအနားမှူး။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၁:၂၅ နာရီ အချိန်တွင်ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့

# (၄.၁၁.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Aung    Dr Khin Soe Soe Kyi




Dr Tun Naing    U Htay Min Thein




Dr Tun Naing    U Khin Maung Myint




Dr Tun Naing    U Saw Victor Clive




U Kyaw Myo    Dr Saw Naing





U Kyaw Myo    U Kyaw Gyi

pyithu.hluttaw.mm



**U Kyaw Myo**



**U Tin Nu**

pyithu.hluttaw.mm



**U Kyaw Myo**



**U Lagan Zel Gyone**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်